## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၆)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့် သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၂ ရက်)

# သတိပြုရမည့် မျောက်ကျောက်ရောဂါ

လူတိုင်းသည် ကျန်းမာချမ်းသာစွာ မိမိတို့၏လူမှုစီးပွားဘဝများကို ဆောင်ရွက်နေကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာမှအလုပ်လုပ်နိုင်မည်ဆိုသည့်အတိုင်း ကျန်းမာရေးကောင်းမွန်နေရန်လိုအပ်သည်။ ကျန်းမာရေးကောင်းမွန်စေရန်မှာ စားသတိ၊ သွားသတိဆိုသည့်အတိုင်း သတိတရားဖြင့်နေ့စဉ်လုပ်ကိုင်သွားလာကြရမည်ဖြစ်သည်။ ဩဂုတ်လ ၂၁ ရက်နေ့ထုတ်သတင်းများတွင် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၆၇၀၀ ရှိကြောင်း၊ ၎င်းတို့အနက်မှ မျောက်ကျောက်ရောဂါကြောင့်သေဆုံးသူ ၅၇၀ ကျော်ရှိကြောင်းနှင့် ယခုအခါမျောက်ကျောက်ရောဂါသည် အာဖရိကနိုင်ငံပေါင်း ၁၇ နိုင်ငံတွင်သာမက အာဖရိကဒေသပြင်ပနိုင်ငံများသို့ပါ ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

မျောက်ကျောက်ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဗဟိုအာဖရိကနှင့်အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်ဖြစ်ပွားလေ့ရှိသည်။ ထိုသို့ရှိနေရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (PHEIC) အဖြစ်သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမှ ရုပ်သိမ်းခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံနှင့် အာဖရိကတိုက်ရှိနိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်ဖြစ်ပွားမှုအရှိန်မြင့်တက်လာခြင်း၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲအသစ်(Clade lb) လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၉ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း Mpox (မျောက်ကျောက်)ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုများရှိနေသည်ကိုတွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox (မျောက်ကျောက်) ရောဂါ ကူးစက်ဝင်ရောက်ပြန့်ပွားမှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေအလွန်နည်းပါးလှသည်။ မျောက်ကျောက်ရောဂါသည် ရောဂါဖြစ်ပွားသူလူနာနှင့်အနီးကပ်ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် အဓိကကူးစက်နိုင်ကြောင်းတွေ့ရှိရသည်။ လူတစ်ဦးချင်းအလိုက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးအသိ၊ သတိတို့ဖြင့် ပြုမူနေထိုင်၍ကာကွယ်နိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှလက်ရှိအချိန်အထိ လူနာများ၏ဓာတ်ခွဲနမူနာ ၁၂၉ ခုကို ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင် မျောက်ကျောက်ရောဂါအတည်ပြုလူနာတွေ့ရှိခြင်းမရှိသေးကြောင်းသိရသည်။ ပြည်တွင်းတွင်မရှိသေးသော်လည်း ပြည်ပမှဝင်ရောက်မှုမရှိစေရေးအတွက် နိုင်ငံဖြတ်ကျော်ဝင်၊ ထွက်ပေါက်များတွင် Mpox (မျောက်ကျောက်) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ခရီးသွားလာမှုမထိခိုက်စေဘဲ အထူးအလေးထား၍ ဆောင်ရွက်လျက်ရှိသည်။

မျောက်ကျောက်ရောဂါသည် လိင်မှတစ်ဆင့်ကူးစက်ခြင်း၊ အရေပြားထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းတို့ဖြင့်ကူးစက်ခြင်း၊ ရောဂါပိုးကပ်ငြိနေသောအရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့ခြင်း၊ ရောဂါပိုးကူးစက်ခံရသောတိရစ္ဆာန်နှင့်တိုက်ရိုက်ထိတွေ့ခြင်းတို့ဖြင့် အဓိကကူးစက်နိုင်သည်။ မျောက်ကျောက်ရောဂါသံသယလက္ခဏာခံစားနေရသူနှင့်အနီးကပ်ထိတွေ့မှုကိုရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကိုရှောင်လွှဲမရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့်နှာခေါင်းစည်းကိုတပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာနှင့် ရေ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကိုကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုမှကာကွယ်ရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ဖျား၍မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့်လိင်အင်္ဂါများတွင်အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ပြန်ရည်အိတ်များရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း အစရှိသောလက္ခဏာများရှိခြင်း၊ ဖျားခြင်းနှင့်အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာခံစားနေရသူများ(အထူးသဖြင့်ရောဂါပိုးတွေ့ရှိရာနိုင်ငံ/ဒေသများမှလွန်ခဲ့သော ၂၁ ရက်အတွင်းပြန်လာသူများ)နှင့်ထိတွေ့မိခြင်းရှိပါက ပြည်တွင်း၊ ပြည်ပခရီးသွားလာခြင်းကိုရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူကြရန်ဖြစ်ပါသည်။ အနှစ်ချုပ်ဆိုရသော် မျောက်ကျောက်ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်သူတစ်ဦးချင်းက အသိတရားနှင့်သတိထားနေထိုင်သွားလာကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

ကျိုက်လတ် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းကာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်းကို ဩဂုတ်လ ၂၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်လတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါ အခြေအနေများတိုင်းတာစစ်ဆေးပေး၍ လိုအပ်သည့်သောက်ဆေးများပေးခြင်း၊ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူစေခြင်းစသည်တို့ ဆောင်ရွက်ပေးသည်။

ထို့ပြင်နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ကြက်ဥနှင့်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးသည်။

ကျိုက်လတ်မြို့၌ ပင်စင်လစာငွေများ ထုတ်ယူနိုင်ရေးကို လစဉ် ၂၁ ရက်မှစ၍လကုန်အထိ ဘဏ်လုပ်ငန်းချိန်များအတိုင်း ထုတ်ယူနိုင်ပြီး လာရောက်ထုတ်ယူသူများ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်မင်းအောင်**

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မင်းလှ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဩဂုတ်လ ၂၁ ရက်နံနက်ပိုင်းတွင်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

လဲပင်ကျင်းကျေးရွာ၌ လမ်းအရှည် ၄၁၈ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ၆ လက်မရှိသည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် သုည ဒသမ ၅၀ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၅၀ သန်းဖြင့် ဇွန်လ ၂၅ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**ကိုညို(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၂၄(ကြာသပတေးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း

၂။ ၇:၂၀ မေတ္တာပို့

၃။ ၇:၂၅ ဓမ္မပူဇာတေး

၄။ ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား

၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ

၆။ ၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း

၇။ ၁၃:၄၀ **ခရီးလည်းသွားစကားလည်းဆို**

၈။ ၁၄:၁၀ **ရုပ်မြင်သံကြားဇာတ်လမ်း(၇-စနာရီ) (Rep)**

၉။ ၁၆:၄၀ သာယာသီကြွေးခေတ်ဆန်းတေး

၁၀။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**

၁၁။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍအပိုင်း (၁၁/၁၂)**

၁၂။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသို့ ယခုနှစ်အတွင်း လာရောက်ဖူးမြော်သည့် ဘုရားဖူးဧည့်သည်ဦးရေ ငါးသိန်းခန့်ရှိ



ဟိုင်းကြီးကျွန်း ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအငူ၌ တည်ထားကိုးကွယ်သော ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသို့ ယခုနှစ်အတွင်း လာရောက်ဖူးမြော်သည့် ဘုရားဖူးဧည့်သည်ဦးရေ ငါးသိန်းခန့် ရှိကြောင်း အဆိုပါစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်ကြာ ကျင်းပလေ့ရှိပြီး ဘုရားပွဲတော်ကာလတွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည် အများအပြားလာရောက်ဖူးမြော်ကြရာ ဘုရားဖူးဧည့်သည်များ အခမဲ့တည်းခိုနိုင်ရန် စေတီတော်ဂေါပကအဖွဲ့က တန်ဆောင်းများ၊ ဓမ္မာရုံများ၌ နေရာများစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးကို ဇန်နဝါရီလကနေ ဩဂုတ်လ ၂၀ ရက်အထိ ဘုရားဖူးဧည့်သည်ငါးသိန်းလောက် ဝင်ရောက်ခဲ့ပါတယ်။ ဇန်နဝါရီလကနေ မေလအထိက ဘုရားဖူးဧည့်သည်ဝင်ရောက်မှု များပြားတဲ့လတွေပါ။ အဲဒီထဲမှာမှ ဘုရားပွဲတော်ကာလဖြစ်တဲ့ မတ်လထဲမှာ ဘုရားဖူးဧည့်သည် အများဆုံးဝင်ရောက်ခဲ့ပါတယ်" ဟု ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ဝါတွင်းကာလ ဥပုသ်နေ့များတွင်လည်း အနည်းဆုံး ဘုရားဖူးဧည့်သည် ၁၀၀၀ ခန့် လာရောက်ကြပြီး ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အလှူအတန်းပြုလုပ်ခြင်းများဆောင်ရွက်ကြကာ တခြားရက်များတွင်လည်း ဘုရားဖူးဧည့်သည်များ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသို့ ရေလမ်းမှဖြစ်စေ၊ ပုသိမ်-မော်တင်ကားလမ်းမှဖြစ်စေ လာရောက်နိုင်ပြီး ဘုရားအနီးဝန်းကျင်တွင် စားသောက်ဆိုင်များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများကိုလည်း ဖွင့်လှစ်ထားခြင်းကြောင့် ခရီးသွားဧည့်သည်များ နေထိုင်စားသောက်ရေးအတွက် များစွာအဆင်ပြေစေကြောင်း သိရသည်။

ယခုအခါ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် စေတီတော်ကြီး၏ ရင်ပြင်တော်တိုးချဲ့ခြင်း၊ အာရုံခံတန်ဆောင်းတည်ဆောက်ခြင်းများ အပါအဝင် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ငါးနှစ်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# အောင်လံမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

အောင်လံ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၂၁ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ခေါင်းဆောင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီထွန်းက အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အဂတိလိုက်စားမှုဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးက အဂတိလိုက်စားမှုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့် ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားပြီး ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့်ပုဒ်မများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်စာရင်းစစ်ရုံးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝေက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ပြည်တွင်းအခွန်များဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသိန်းဦးက အခွန်ရှောင်ရှားခြင်း/ တိမ်းရှောင်ခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖေက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဟသ်ာတ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၀ ရက်က ဟသ်ာတမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲအခမ်းအနားကို ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း၊ အဖွဲ့ဝင်(၂) ဦးအောင်မြင့်ဦး၊ အဖွဲ့ဝင်(၃)ဒေါ်သီတာအောင်နှင့် ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို လူငယ်လူရွယ်များအတွက် ယဉ်ကျေးမှုလက်ဆင့်ကမ်းအမွေအနှစ်များ မပပျောက်အောင် ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်း၊ မြှင့်တင်ရေးကိုလည်း ဖော်ဆောင်လိုကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့တတ်စွမ်းသည့် အနုပညာကို အစွမ်းကုန်ဖော်ထုတ်ကာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ယှဉ်ပြိုင်ကြ၍ အကဲဖြတ်ဒိုင်များကလည်း သမာသမတ်ကျကျ ရွေးချယ်ဆောင်ရွက်ပေးကြစေလိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြိုင်ပွဲဝင်များ၏ အဆို၊ အက၊ အရေး၊ အတီးယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ပြိုင်ပွဲဝင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

''ကျွန်တော့်အမေ စာတစ်လုံးတစ်ပါဒမျှ မတတ်သော်လည်း ဘဝပေးအခြေအနေ တစ်နည်းအားဖြင့် သား ကျွန်တော့်ကိုချစ်သော မိဘမေတ္တာဖြင့် ငွေကြေးချမ်းသာတာလည်းမဟုတ်ဘဲနဲ့ သားသမီး တစ်ပြုံတစ်မကိုလက်ဆွဲပြီး မြို့ပြရင်ခွင်သို့ တက်လှမ်းလာခဲ့ချေပြီ။ သားပညာတတ်ရေးအတွက် အမေသတ္တိမွေးခဲ့သည်။ အင်အားတွေဖြည့်ဆည်းခဲ့သည်။ သတ္တိခဲမကြီး အမေ။ အာဂ အမေပေတည်း. . .''

**ယမန်နေ့မှအဆက်**

**သူရဲကောင်းမကြီး အမေ**

၁၉၆၄-၁၉၆၅ ခုနှစ်မှာတော့ ကျွန်တော်တို့မိသားစု သားကြီးဩရသ ကျွန်တော့် ပညာရေးခရီးလမ်း ဖြောင့်ဖြူးရေးအတွက် ဝေးလံသီခေါင်လွန်းသော ကျွန်းစဉ်နယ်တောအရပ်မှ ခရိုင်မြို့ကြီး ကျောက်ဖြူသို့ ပြောင်းရွှေ့ခဲ့ကြချေပြီ။ အဖေသည် ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက် ကမ်းနားလမ်းမှာပဲ သစ်သားအိမ်လေး တစ်လုံးငှားပြီး မိသားစုကို အခြေချစေခဲ့သည်။ ကိုယ်တိုင်ကတော့ ကုန်တင်လှေကြီးတစ်စင်းဖြင့် ရခိုင်မြောက်ပိုင်းဘက် ကုန်ကူးထွက်ခဲ့လေပြီ။

ကျောက်ဖြူမြို့ကိုရောက်တော့ တောသူအရိုင်းသက်သက်အမေ လွန်စွာသနားဖို့ကောင်းသည်။ မြို့သူတွေလို စကားကို ပီပီသသမပြောတတ်။ ဈေးသွားဝယ်လို့ အဆင်မပြေ။ စက်ဘီး၊ ဆိုက်ကားတွေ့လျှင် ကြောက်သည်။ သူ့ကို တိုက်သွားမည်ဟုပဲ ထင်နေတတ်သည်။ စက်ဘီး၊ ဆိုက်ကားတွေလာတာတွေ့လျှင် လမ်းဘေးသို့ ဆင်းပြေးသည်။ ကျွန်တော်က အခြေအနေကို ရှင်းပြပြီး နောက်တော့ အမေဈေးသွားတတ်လာသည်၊ ဈေးဝယ်တတ်လာသည်။ အဖေအပ်ထားခဲ့သော ဈေးဖိုးလေးနဲ့ မနက်စာဟင်း၊ ညနေစာဟင်း အမေမျှဝေပြီး သုံးတတ်လာသည်။

အမေသည် စာပေဟူ၍ တစ်လုံးတစ်ပါဒမျှမတတ်။ အမေတို့ကျောင်းနေအရွယ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစက မြေပုံမြို့နယ် ကျွန်းစဉ်နယ်တွင် အမေ၏မွေးရပ်ရွာ သရက်တောင်ရွာတစ်ရွာသာ အစိုးရကျောင်းဖွင့်ခွင့်ရသည်။ အစိုးရကျောင်းဆရာတစ်ဦး ရောက်လာခဲ့သည်ဟုဆိုသည်။ သို့သော် သရက်တောင်ရွာသားတို့မှာ အစိုးရစာသင်ကျောင်းမှာ ကျောင်းထားရမှန်းမသိကြ။ ဘုန်းတော်ကြီးကျောင်းမှာပဲ ယောကျ်ားလေးများကို ဆက်ထားကြသည်။ အနည်းအကျဉ်းသော ယောကျ်ားလေးများနှင့် တစ်ဆယ်မပြည့်လောက်သော မိန်းကလေးများသာ ကျောင်းနေကြသည်။

ကျွန်တော့်အမေမှာတော့ ကျောင်းနေအရွယ်ရောက်သော်လည်း ကျောင်းမနေဖြစ်ခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အဘိုး၊ အဘွား(အမေ၏အဖေနှင့်အမေ) တို့မှာ လယ်သမားစစ်စစ်ကြီးများဖြစ်ကြသည်။ သို့ဖြစ်၍ မိုးဦးကျလျှင် လယ်ဝင်ရသည်။ လယ်သမားသားသမီးများမှာ ကျောင်းတက်ဖို့ အခြေအနေမပေးကြပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်းစဉ်နယ်သားတို့ လယ်ယာမြေများမှာ ဒီရေရောက်တောကြီးများကို လယ်ကောက်ပိုင်း သဏ္ဌာန် ပိုင်းပတ်ဆယ်ဖို့ထားကြသော လယ်မြေများပင်ဖြစ်ကြသည်။ လယ်ကွင်းများသည် ရပ်နဲ့ကွာသည်၊ ရွာနဲ့လှမ်းသည်။ ရွာကနေ တစ်နေကုန်လှော်ခတ်ပြီး သွားရသည်။ ဤသို့ လယ်ထဲဝင်သည်ဟုဆိုလျှင် တစ်ရွာပြောင်းသလို လယ်ဝင်ကြရသည်။ သို့ဖြစ်၍ ကျောင်းနေအရွယ်ကလေးအများစုမှာ မိဘများနှင့်အတူ လယ်ထဲဝင်သွားကြရ၍ စာသင်ကျောင်းနဲ့ဝေးကြရသည်။ ဤအထဲတွင် ကျွန်တော့်အမေလည်းပါဝင်သည်။ အမေ့မှာ လယ်သမားမိဘနှစ်ပါးက မွေးဖွားလာသူဖြစ်၍ ကျောင်းမနေခဲ့ရပါ။

ကျွန်တော့်အမေ စာတစ်လုံးတစ်ပါဒမျှ မတတ်သော်လည်း ဘဝပေးအခြေအနေ တစ်နည်းအားဖြင့် သား ကျွန်တော့်ကို ချစ်သော မိဘမေတ္တာဖြင့် ငွေကြေးချမ်းသာတာလည်းမဟုတ်ဘဲနဲ့ သားသမီး တစ်ပြုံတစ်မကို လက်ဆွဲပြီး မြို့ပြရင်ခွင်သို့ တက်လှမ်းလာခဲ့ချေပြီ။ သားပညာတတ်ရေးအတွက် အမေသတ္တိမွေးခဲ့သည်။ အင်အားတွေဖြည့်ဆည်းခဲ့သည်။ သတ္တိခဲမကြီး အမေ။ အာဂ အမေပေတည်း။

ကျွန်တော်တို့မိသားစု ကျောက်ဖြူမြို့သို့ပြောင်းလာကြခြင်းမှာ ကျွန်တော် ကျောင်းတက်ဖို့အတွက် ကျောင်းဖွင့်ရာသီ မိုးဦးကျမှာရောက်လာခဲ့ကြသည်။ သည်တော့ ကျွန်တော့်ကိုကျောင်းအပ်ခဲ့ရသလို ကျွန်တော့်ညီလေးနှစ်ယောက်ကိုပါ ကျောင်းအပ်ခဲ့ရသည်။ ညီမလေးကိုတော့ ရွာမှာနေတုန်းကပင် မူလတန်းအောက်ဆင့်လေးနဲ့ ကျောင်းထုတ်ပြီး သားသမီးများသည့် အမေ့အိမ်မှုလုပ်ငန်းမှာ ကူညီစေခဲ့သည်။ သို့ဖြစ်၍ မြို့ရောက်လာတော့လည်း ညီမလေးက အမေ့အိမ်မှုလုပ်ငန်းတွေမှာ ကူဖော်လောင်ဖက်ပဲဖြစ်နေခဲ့သည်။

မိုးရာသီတစ်ဝက်တိုင်ခဲ့ပေပြီ။ အဖေအိမ်ပြန်မရောက်သေး။ ''မင်းတို့သွားနှင့်ကြ၊ ငါအလွန်ဆုံးကြာရင် တစ်လပဲ'' အဖေမသွားမီ အမေ့ကိုမှာခဲ့သည့်စကား။ ခုသုံးလရှိပြီ။ အဖေမရောက်သည်မှာ စဉ်းစားစရာဖြစ်နေသည်။ အမေ့မှာ အဖေ့သတင်းကို မည်သို့စုံစမ်းရမှန်းမသိ။ အမေ့အတွက် ရင်တွင်းဝေဒနာက ရင့်သန်လာခဲ့သည်။ နိစ္စဓူဝ မိသားစုစားဝတ်နေရေးပြဿနာ အမေ ခါးစည်းခံနေရသည်။ အဖေရှိလျှင်တော့ အမေသည် ဒုတိယလူပါပဲ။ ခုတော့ အဖေ့တာဝန်ရော အမေ့တာဝန်ပါ အမေ့ခေါင်းပေါ်ပုံကျနေသည်။ တတိတိနဲ့တိုက်စားနေသော အမေ့ဝေဒနာကို ကျွန်တော်သိသည်။ ကျွန်တော့်မှာ တစ်ခါတစ်ခါ ကျောင်းမှထွက်ပစ်ချင်သည်။ အမေဘယ်လိုမှလက်ခံမည်မဟုတ်၍သာ နှုတ်ဆိတ်နေရခြင်းဖြစ်သည်။ ကျွန်တော်တို့မိသားစုမှာ ရောက်စတုန်းက ငါးကလေးဟင်း၊ ငါးစင်ရိုင်း၊ ငါးဝမ်းပူလို အခြေခံလူတန်းစားတို့၏ အမာခံဟင်းမျိုးဖြင့် ထမင်းဝိုင်းကို ပွဲထုတ်ခဲ့သည်။ သုံးလအကြာမှာတော့ ပုစွန်ဆိတ်ကလေးနှင့် အရောရောချက်ထားသည့် ငါးကလေးဟင်းက နေရာယူလာသည်။ ခုတော့ ပုစွန်ဆိတ်ကလေး တစ်ရက်၊ ကန်စွန်းချဉ်ပေါင်တစ်ရက် အလှည့်ကျတာဝန်ယူပြီး ကျွန်တော်တို့မိသားစုရဲ့ ဝမ်းခေါင်းတွေကို အရည်ငုံ၊ အဖတ်ငုံရုံလေးဖြင့် ဖြည့်တင်းနေကြရသည်။

တစ်မိုးတွင်းလုံး ယနေ့လိုမိုးရွာသောနေ့မျိုး မရှိသေးဘူး။ မနက်လင်းကတည်းက နေ့တစ်ဝက်တိုင်ခဲ့ပြီ။ မိုးက မစဲသေး။ နေ့လယ်တစ်ချက်တီး ကျောင်းဆင်းချိန်တွင် သားအငယ်နှစ်ယောက် တစ်ကိုယ်လုံး စိုရွှဲပြီး ရောက်လာကြသည်။

"အမေ သားကို အဝတ်လဲပေးအုံး"

အငယ်ကောင်က အရေးဆိုလိုက်သည်။ အမေသည် သားငယ်လေးကို ရီဝေစွာကြည့်သည်။ သားငယ်သည် အမေ့ကို ကြည့်ပြီး ရှေ့တိုးလာသည်။

"ပေးလေ အမေ သားကို အဝတ်လဲပေးအုံး"

"သားလေးရယ် သားမှာ လဲဖို့အဝတ်ဘယ်မှာရှိသေးလို့လဲ၊ ညတုန်းက သေးပေါက်လို့ စိုနေပြီ မရှိတော့ဘူးလေ သားရဲ့"

"ဒါဆို သား ဘာနဲ့ကျောင်းသွားရမှာလဲ အမေရဲ့"

**ဆက်လက်ဖော်ပြပါမည်။**

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေး



ပေါင် ဩဂုတ် ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၁ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပန်းကုန်းမွန်၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ပန်းကုန်းမွန် ကျောင်းအုပ်ဆရာကြီး ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပန်းကုန်းမွန်မှ Grade – 11 ကျောင်းသူ မမြတ်နိုးရွှေဇင်က လူငယ်နှင့်ပညာရေး၊ Grade – 11 ကျောင်းသူ မအိသဇင်ဖြိုးက လူငယ်နှင့်စာဖတ်ခြင်း၊ Grade – 11 ကျောင်းသူ မစန်းစန်းထွေးက လူငယ်နှင့်ကျန်းမာရေး၊ Grade –11 ကျောင်းသား မောင်သန်းတိုးအောင်က ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ်ထိခိုက်မှုဆိုင်ရာ အချက်အလက်များ၊ Grade – 10 ကျောင်းသား မောင်ကောင်းခန့်အောင်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြကာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

မွန်မလေး ( ပြန်/ဆက်)

## မုဒုံမြို့၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပ

မုဒုံ ဩဂုတ် ၂၁

မွန်ပြည်နယ် မုဒုံမြို့၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၀ ရက်က အခြေခံပညာအထက်တန်းကျောင်း(ကွေ့ဝမ်း)ရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ကွေ့ဝမ်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်လှက အဖွင့်အမှာစကားပြောကြားပြီး မုဒုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းထွဋ်အောင်က သတင်းတု၊ သတင်းမှားများအကြောင်း၊ အွန်လိုင်းပေါ်တွင်ဖြစ်ပေါ်နေသည့် မှုခင်းရေးရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၃၈) မူးယစ်အထူးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်သင်းထွန်းနိုင်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် သုံးစွဲခြင်းဖြင့်ရရှိမည့် ဆိုးကျိုးများအကြောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ပန်းပွင့်စံက ဥပဒေအခြေခံအကြောင်းအရာများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အမျိုးသမီးငယ်များနှင့်သက်ဆိုင်သည့် ရာဇသတ်ကြီးတွင်ပါဝင်သော ပုဒ်မများနှင့် ဥပဒေရေးရာဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီးနောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

# မအူပင်မြို့နယ်၌ ကုန်မျိုးစုံနှင့် ငါးပိ ပဲပြား ပဲသွေး ငရုတ်သီးမှုန့်များကို နမူနာယူ၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းဆောင်ရွက်

မအူပင် ဩဂုတ် ၂၁


ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ကုန်မျိုးစုံနှင့် ငါးပိ၊ ပဲပြား၊ ပဲသွေး၊ ငရုတ်သီးမှုန့်များကို နမူနာယူ၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းကို ဩဂုတ်လ ၁၉ ရက်က မအူပင်မြို့ပေါ်ရှိ ဈေးဆိုင်များတွင် ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချနေသည့် အလှကုန်ပစ္စည်းများတွင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သည့် အကျိုးအာနိသင်ကောင်းရရှိနိုင်သော အလှကုန်ပစ္စည်းများကိုသာ ပြည်သူများ ရောင်းဝယ်သုံးစွဲနိုင်စေရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အလှကုန်ပစ္စည်းများကိုသာရောင်းချနိုင်ရေး၊ တားမြစ်အလှကုန်ပစ္စည်းများ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးနှင့် သတ်မှတ်ချက်ပြည့်စုံစွာဖော်ပြပါရှိသည့် ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးထုတ်ပြန်ထားသော တားမြစ်ဓာတုပစ္စည်းများ ပါဝင်သည့် အလှကုန်ပစ္စည်း ၁၂ မျိုးကို ဈေးကွက်အတွင်း ရောင်းချနေမှု ရှိ၊ မရှိနှင့် ငါးပိ၊ ပဲသွေး၊ ပဲပြား၊ ငရုတ်သီးမှုန့်များကို Mobile Laboratory ဖြင့် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းနောက် တခြားသောကုန်စည်တချို့ကို ဈေးကွက်နမူနာကောက်ယူခြင်းနှင့် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများ၊ တားမြစ်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ဆိုင်ရှင်များအား အသိပညာပေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအစီအစဉ်ကို တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ Mobile Laboratory စစ်ဆေးရေးအဖွဲ့၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မုဒုံ | (၄.၆၁)လက်မ |
| ဟသ်ာတ | (၃.၁၅)လက်မ |
| ပြင်ဦးလွင် | (၂.၈၇)လက်မ |
| ကော့ကရိတ် | (၂.၈၃)လက်မ |
| လှည်းကူး | (၂.၆၀)လက်မ |
| ပူတာအို | (၂.၂၄)လက်မ |
| သာယာဝတီ | (၂.၁၃)လက်မ |
| မော်ဘီ | (၂.၀၉)လက်မ |
| ပိုင်ကျုံ | (၂.၀၀)လက်မ |
| စစ်တွေ | (၁.၈၉)လက်မ |
| ကျုံပျော် | (၁.၈၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၂ |
| ရှမ်း(မြောက်) | ၂၁ | ၂၈ |
| ရှမ်း(အရှေ့) | ၂၂ | ၂၉ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၄ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၄ |
| နေပြည်တော် | ၂၄ | ၃၂ |
| မန္တလေး | ၂၆ | ၃၆ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၃ | ၃၀ |
| ပဲခူး | ၂၃ | ၃၁ |
| ရန်ကုန် | ၂၄ | ၂၉ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၂ | ၂၉ |
| ကရင် | ၂၃ | ၃၁ |
| မွန် | ၂၃ | ၃၀ |
| တနင်္သာရီ | ၂၃ | ၃၁ |

# သဃ်န်းကျွန်းမြို့နယ်၌ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁




ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို သိရှိနိုင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲကို ဩဂုတ်လ ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို သတိပြုကာကွယ်မှုရှိစေရန်အတွက် အကြောင်းအရာတစ်ရပ်ကို ပန်းချီပညာရပ်ဖြင့် ပုံဖော်ပြသတတ်ရန်၊ ပန်းချီပညာရပ်သည် စိတ်ကိုတည်ငြိမ်စေသည့် ပညာရပ်တစ်ခုဖြစ်စေရန်ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အကဲဖြတ်ဒိုင်လူကြီးများဖြစ်သော မောင်ယဉ်ဝေ (ဥက္ကလာ)၊ ပန်းချီဆရာမ အေးချမ်းအိမ်၊ ပန်းချီဆရာ မင်းကောင်းကိုတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သိန်းအောင်**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်ဖွင့်လှစ်

မော်လမြိုင် ဩဂုတ် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (မော်လမြိုင်) မှ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွားဆောင်ပုဒ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားကို အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မော်လမြိုင်) ရုံးရှေ့နှင့် မြိုင်သာယာဟသ်ာအဝိုင်း မိန်းလမ်းတွင် ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွားစာတန်းပါ လူကုန်ကူးမှုအသိပညာပေးဆိုင်းဘုတ်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (မော်လမြိုင်) အနေဖြင့် လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သည့် ဆိုးကျိုးများ၊ လူကုန်ကူးမခံရစေရေး သတိပြုရှောင်ရှားရမည့်အချက်များကို မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက်တန်းကျောင်း(ခွဲ)များ၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# တံတားဦးမြို့နယ်၌ ဆီထွက်သီးနှံဖူလုံရေး ရေဆင်းမျိုးနေကြာ (၁) မျိုးစေ့ထုတ် တောင်သူကွင်းသရုပ်ပြ

တံတားဦး ဩဂုတ် ၂၁

တောင်သူများ ဆီထွက်သီးနှံဖူလုံရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် ရေဆင်းမျိုးနေကြာ(၁) မျိုးစေ့ထုတ် တောင်သူကွင်းသရုပ်ပြပွဲကို ဩဂုတ်လ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ပန်းယျကျေးရွာ ကွင်းအမှတ် (၁၃၄၂) တောင်သူဦးညွှန့်နိုင်ဝင်း၏ရေဆင်းမျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မျိုးစေ့ထုတ်တာဝန်ခံ ဒေါ်မင်းမင်းသွင်က တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးပြည့်မီ၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးနှင့် မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မျိုးစေ့ထုတ်တာဝန်ခံနှင့် မြို့နယ်အဆင့်စိုက်/ကြပ်ဝန်ထမ်းများနှင့် တောင်သူများက ရေဆင်းမျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တံတားဦးမြို့နယ်အနေဖြင့် ရေဆင်းမျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀ ကို ပန်းယျကျေးရွာ၌ စိုက်ပျိုးထားကြောင်း၊ ထို့ပြင် တံတားဦးမြို့နယ်အတွင်း စားသုံးဆီဖူလုံရေးအတွက် မိုးနေကြာ ၂၅၅၁ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကျင်းပ




နေပြည်တော် ဩဂုတ် ၂၁

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ်(၅)ရပ်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ငါးဦး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကိုးဦး၊ အထူးဖိတ်ကြားထားသူ နှစ်ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၁၉-၂၀၂၃)သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မဟာဗျူဟာအကောင်အထည်ဖော်မှုကာလ ပြီးမြောက်ခဲ့ပြီးဖြစ်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသားအဆင့်မဟာဗျူဟာပြန်လည်သုံးသပ်ရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါမူကြမ်းအား ယခုအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို ဆုံးရှုံးနိုင်ခြေမြင့်မားပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့်ဒေသများစာရင်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း၊ FATF ၏ မြန်မာနိုင်ငံအပေါ် လိုက်နာမှုအားနည်းချက် ရှစ်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့်လည်း တစိုက်မတ်မတ်အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေး၏ ထုတ်ပြန်ချက်အရ အလေးထားစိစစ်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပြောင်းလဲပေးခြင်း မရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ အတွင်း တိုးတက်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက FATF မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဟု ဖော်ပြခဲ့ကြောင်း။

ထို့ကြောင့် တိုးတက်ဆောင်ရွက်မှုများ ပြသနိုင်ရန် FATF ၏ Action Plan တွင် ပါရှိသည့်အချက်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမတိုင်ခင် တိုးတက်မှုပြသနိုင်ရန် Action Plan တွင် ပါရှိသည့်အချက်များအား သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ်(၅)ရပ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက်ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) မူကြမ်းအား အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။




(၅၀၀)

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍



အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)

# စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော ကျေးရွာတွင်းအသေးစားကုန်ထုတ်လုပ်ငန်းဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးတက်ရေးအတွက် စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးမမဌေးက သင်တန်းသူများအား ဝတ်စုံများထောက်ပံ့ပေးအပ်၍ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ အဆိုပါစက်ချုပ်သင်တန်းအား ဩဂုတ်လ ၂၀ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ သင်တန်းနည်းပြဒုတိယဦးစီးအရာရှိဒေါ်နန်းသူသူဇံပါနှစ်ဦးတို့က သင်တန်းသူ ၁၅ ဦးတို့အား စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော် MSME ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းနည်းပြ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဒေါ်နန်းသူသူဇံပါ နှစ်ဦးနှင့် သင်တန်းသူ ၁၅ ဦးတို့တက်ရောက်ကြောင်း သိရသည်။

(၄၁၃)

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ တတိယကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ တတိယအကြိမ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်-၁၆ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက သစ်ပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ သင်းဝင်၊ ယမနေ၊ ဆီသပြေ၊ ပျဉ်းမ၊ ရင်းမာ၊ တိန်းညက်၊ မာလာလူးကား၊ ပိုလိုနီးယား စုစုပေါင်း သစ်မျိုး ၁၃ မျိုးဖြင့် ပျိုးပင် ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြုစုရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးအတွက် မိုးရာသီအကြိုနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ၃၉၈ ကြိမ် သစ်ပင်ပေါင်း ၃၂၇၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ကားလမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများတွင် သစ်ပင်စုစုပေါင်း ၂၂ ဒသမ ၆၉၆ သန်း (လျာထားချက်၏ ၁၀၂ ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တင်ဒါခေါ်ယူ၍ ဆောင်ရွက်လျက်ရှိသော တင်ဒါလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းရင်းသားကျေးရွာအဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများကို စေတနာထား၍ဆောင်ရွက်ကြရန် နိုင်ငံတော်ဘဏ္ဍာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်တွင် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဌာနဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ဆောင်ရွက်လျက်ရှိသည့် ကပွဲခန်းမအထွေထွေပြုပြင်ခြင်း၊ အုပ်ချုပ်မှုရုံးအဆောက်အအုံဆေးသုတ်ခြင်း၊ ပြည်ထောင်စုခန်းမအထွေထွေပြုပြင်ခြင်း၊ ဆိပ်ခံဇောတံတားအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် သီးပင်စားပင်များစိုက်ပျိုးထားရှိသည့် စိုက်ခင်းအခြေအနေ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက (၁/၂၀၂၄) Keyboard အခြေခံအတီးသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ ၁၄ ဦးကို သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူများက သင်တန်းတွင် သင်ကြားခဲ့သည့် တေးသီချင်းများဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် အမျိုးသားအားကစားပွဲတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့်အမျိုးသားဘောလုံးအသင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဲရစ်မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြေးခုန်ပစ်အားကစားသမား စိုးပေ ပြင်သစ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၈ ရက်အထိကျင်းပမည့် ၂၀၂၄ နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ( Paris 2024 Paralympic Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှပြေးခုန်ပစ်အားကစားသမား စိုးပေနှင့် အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြ ဒေါက်တာထက်ဇေယျာတို့သည် ယနေ့နေ့လယ်ပိုင်းတွင်ရန်ကုန်မြို့မှထွက်ခွာသွားသည်။

အဆိုပါအားကစားအဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

၂၀၂၄ နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာကစားသမား စိုးပေသည် အမျိုးသားမီတာ ၁၀၀ နှင့်မီတာ ၂၀၀ ပြိုင်ပွဲဆေးအဆင့် (T64) (ဒူးအောက်တစ်ဖက်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စိုးပေအနေဖြင့် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်း ဆုတံဆိပ်ကိုးခုရရှိခဲ့သည့်အတွက် ကမ္ဘာ့မသန်စွမ်းပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့မသန်စွမ်းအားကစားအဖွဲ့ချုပ်တို့က ယခုနွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ သိရသည်။



ဝန်းရံခ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁.၈˚C |
| ရန်ကုန် | ၂၄˚C | / | ၂၉.၀˚C |
| မန္တလေး | ၂၆˚C | / | ၃၅.၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

# သတိပြုရန် မျောက်ကျောက်ရောဂါ

ပါမောက္ခဒေါက်တာခင်ဖြူပြာ

စာရေးသူ ဒီဆောင်းပါးကိုရေးတဲ့အချိန်က ဩဂုတ်လ ၁၉ ရက် ညနေ ၄ နာရီဖြစ်ပါတယ်။ ဒီဆောင်းပါးကို ဘာကြောင့်အရေးတကြီးရေးရတာလဲဆိုတော့ လွန်ခဲ့တဲ့နှစ်နာရီကပဲ မျောက်ကျောက်ရောဂါဝေဒနာရှင်တစ်ဦးကို ဖိလစ်ပိုင်နိုင်ငံမှာ တွေ့ရတယ်လို့ တရားဝင်ကြေညာလို့ဖြစ်ပါတယ်။ လူနာက အသက် ၃၃ နှစ်အရွယ် ကျန်းမာသန်စွမ်းတဲ့အမျိုးသားတစ်ဦးဖြစ်ပါတယ်၊ ထူးခြားတဲ့အချက်ကတော့ အဲဒီအမျိုးသားဟာ သူ့နိုင်ငံပြင်ပကို ခရီးမသွားဖူးပါဘူး။ အဲဒီအချက်ကပဲ စာရေးသူတို့မြန်မာနိုင်ငံမှာလည်း မျောက်ကျောက်ရောဂါဟာ အချိန်မရွေးဖြစ်နိုင်တယ်လို့ ယူဆရပါတယ်။

တကယ်တော့ ဒီမျောက်ကျောက်ရောဂါဟာ အာဖရိကတိုက်မှာဖြစ်နေတာ ၁၉၇၀ ပြည့်နှစ် (လွန်ခဲ့တဲ့ ၅၄ နှစ်) ကတည်းကပါ။ အစပိုင်းမှာတော့ အာဖရိကတောနက်ထဲမှာပဲ ကြိုကြားကြိုကြားဖြစ်နေတာပါ။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာတာ၊ လူတွေရဲ့ အစားအသောက်၊ အနေအထိုင်ပြောင်းလဲတာနဲ့ အတူ မျောက်ကျောက်ရောဂါလည်း တောထဲကနေ မြို့ကို ရောက်လာတဲ့သဘောပါပဲ။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလက မျောက်ကျောက်ရောဂါဖြစ်ပွားနှုန်းများပြားလာပါတယ်။ ဒီအချိန်ထိ အာဖရိကတိုက်မှာ မျောက်ကျောက်ရောဂါဖြစ်ပွားသူစုစုပေါင်း သုံးသောင်းနီးပါးရှိပါပြီ။ ရောဂါကြောင့် အသက်သေဆုံးသူအရေအတွက်ကလည်း တစ်ထောင်ကျော်လာပါပြီ။ အဖြစ်အများဆုံးနိုင်ငံကတော့ ကွန်ဂိုနိုင်ငံဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဇူလိုင်လထိဆိုရင် မျောက်ကျောက်ရောဂါဟာ ကမ္ဘာ့နိုင်ငံပေါင်း ၇၅ နိုင်ငံအထိ ပျံ့နှံ့နေပါပြီ။ အာဖရိကတိုက်ရဲ့အပြင်မှာရှိတဲ့ နိုင်ငံတွေအထိ ရောက်လာပါပြီ။ ဆွီဒင်နိုင်ငံမှာလည်း မျောက်ကျောက်ရောဂါတွေ့ရှိကြောင်း ဩဂုတ်လ ၁၆ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အတည်ပြုကြေညာထားပါတယ်။

အာရှတိုက်ဘက် မြန်မာနိုင်ငံရဲ့ဒေသတွင်းနိုင်ငံတွေအနေနဲ့ဆိုရင် ပါကစ္စတန်နိုင်ငံမှာ ပြည်ပကပြန်လာသူတစ်ဦးမှာတွေ့တာပါ။ သူက ပြည်ပကပြန်လာတာဆိုတော့ အဲဒီပြည်ပနိုင်ငံကပဲ ပါလာတာဖြစ်နိုင်ပါတယ်။ လေယာဉ်ပေါ်မှာ ကူးသလား။ လေယာဉ်ကွင်းမှာ ကူးသလား၊ လေယာဉ်ပေါ်မတက်ခင်ကတည်းက ကူးသလားတော့ သေချာမသိဘူး။ ဒီနေ့ ဖိလစ်ပိုင်နိုင်ငံမှာ ရောဂါပိုးတွေ့ရသူက ပြည်ပကို မသွားဖူးဘူးဆိုတော့ ဒီမျောက်ကျောက်ရောဂါပိုးက ဖိလစ်ပိုင်နိုင်ငံကို ဘယ်လိုအနေအထားနဲ့ရောက်လာသလဲ။

ဒီလို ဖိလစ်ပိုင်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့မှာဖြစ်နေပြီဆိုတော့ မြန်မာနိုင်ငံမှာလည်း အနေးနဲ့အမြန်ဖြစ်နိုင်ပါတယ်။ ယခင်ကတော့ အာဖရိကတိုက်နဲ့ အာရှတိုက်က ဝေးတယ်လို့ ပြောလို့ရသေးတယ်။ အခုကတော့ ဒေသတွင်းနိုင်ငံတွေကို ရောက်လာပြီဆိုတော့ ကျွန်မတို့အားလုံး ကျန်းမာရေးသတိရှိပြီး ကာကွယ်ရေးလုပ်ငန်းတွေကို တစ်ဦးချင်းလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဘယ်လိုကာကွယ်ရမလဲဆိုတာ သိဖို့အတွက် ဒီမျောက်ကျောက်ရောဂါဟာ ဘယ်လိုကူးစက်သလဲ။ ဘာဖြစ်လို့ကူးသလဲဆိုတာ အရင်သိဖို့လိုပါတယ်။

**''မျောက်ကျောက်ရောဂါဟာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာပါ။ သူက မျောက်၊ ကြွက်၊ ရှဉ့်တို့မှာ တွယ်ကပ်နေတာပါ။ ဒါကြောင့် မျောက်ကိုက်ခံရမယ်၊ ကြွက်ကိုက်ခံရမယ်၊ ရှဉ့်ကိုက်ခံရမယ်ဆိုရင် မျောက်ကျောက်ရောဂါဖြစ်နိုင်ပါတယ်။ ဒ့ါပြင် ဗိုင်းရပ်စ်ပိုးဟာ လေထုထဲမှာ၊ အမှုန်အမွှားတွေထဲမှာလည်း ရှိနေနိုင်တာဖြစ်လို့ ဗိုင်းရပ်စ်ပိုးပါတဲ့လေကို ရှူမိရင်လည်း ဖြစ်နိုင်ပါတယ်။ ဒ့ါပြင် မျောက်၊ ကြွက်၊ ရှဉ့်ကထွက်လာတဲ့ အရည်တွေ (ဥပမာ-တံတွေး၊ သွေး၊ ဆီး၊ ဝမ်း) နဲ့ ထိမိရင်လည်း အရေပြားကတစ်ဆင့် ကူးစက်နိုင်ပါတယ်။ မျောက်ကျောက်ရောဂါရှိသူတွေရဲ့ အရေပြားအဖုကထွက်လာတဲ့ အရည်တွေနဲ့ထိမိရင်လည်း ကူးစက်နိုင်ပါတယ်. . .''**

မျောက်ကျောက်ရောဂါဟာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာပါ။ သူက မျောက်၊ ကြွက်၊ ရှဉ့်တို့မှာ တွယ်ကပ်နေတာပါ။ ဒါကြောင့် မျောက်ကိုက်ခံရမယ်၊ ကြွက်ကိုက်ခံရမယ်၊ ရှဉ့်ကိုက်ခံရမယ်ဆိုရင် မျောက်ကျောက်ရောဂါဖြစ်နိုင်ပါတယ်။ ဒ့ါပြင် ဗိုင်းရပ်စ်ပိုးဟာ လေထုထဲမှာ၊ အမှုန်အမွှားတွေထဲမှာလည်း ရှိနေနိုင်တာဖြစ်လို့ ဗိုင်းရပ်စ်ပိုးပါတဲ့လေကို ရှူမိရင်လည်း ဖြစ်နိုင်ပါတယ်။ ဒ့ါပြင် မျောက်၊ ကြွက်၊ ရှဉ့်ကထွက်လာတဲ့အရည်တွေ (ဥပမာ-တံတွေး၊ သွေး၊ ဆီး၊ ဝမ်း) နဲ့ ထိမိရင်လည်း အရေပြားကတစ်ဆင့် ကူးစက်နိုင်ပါတယ်။ မျောက်ကျောက်ရောဂါရှိသူတွေရဲ့ အရေပြားအဖုကထွက်လာတဲ့ အရည်တွေနဲ့ ထိမိရင်လည်း ကူးစက်နိုင်ပါတယ်။

ဒ့ါပြင် ဒီမျောက်ကျောက်ရောဂါခံစားနေရသူ ချောင်းဆိုးလိုက်ရင် ရောဂါပိုးမွှားတွေ လေထဲကို ရောက်သွားပြီး ဒါကိုရှူမိရင်လည်း ကူးစက်နိုင်ပါတယ်။ လိင်ဆက်ဆံခြင်းဖြင့်လည်း ဒီရောဂါကူးစက်နိုင်ပါတယ်။ ဒီလိုဆိုရင် မျောက်ကျောက်ရောဂါဖြစ်နေကြောင်း ဘယ်လိုသိနိုင်မလဲ။ ဒီမျောက်ကျောက်ရောဂါက ဘာနဲ့အမျိုးတူသလဲဆိုတော့ အခုခေတ်မှာတော့ ရေကျောက်ရောဂါနဲ့တူပါတယ်။ ကျွန်မအမေတို့၊ အဘွားတို့ခေတ်က ကျောက်ကြီးရောဂါနဲ့လည်း အမျိုးတူပါတယ်။ ရှေးက ကျောက်ကြီးပေါက်ရင် မျက်စိလည်းကွယ်တယ်။ အသက်လည်း သေဆုံးနိုင်တယ်။ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက် မီးလောင်ဖုတွေလို အဖုတွေပေါ်လာတာပါ။ မျက်နှာ၊ ခန္ဓာကိုယ်နဲ့ ခြေလက်တွေမှာ ပေါက်တာပါ။ ရောဂါပျောက်သွားတဲ့အခါ ကျောက်ပေါက်မာလို အမာရွတ်တွေက အများကြီးကျန်ခဲ့တယ်။

အခုခေတ် မျောက်ကျောက်ရောဂါကလည်း တစ်ကိုယ်လုံးအရည်ကြည်ဖုတွေပေါ်တယ်။ အကျိတ် (လည်ပင်း၊ ချိုင်း၊ ပေါင်) တွေမှာထွက်တယ်။ သူ့ရဲ့ လက္ခဏာက ဖျားတယ်။ ကိုယ်လက်ကိုက်ခဲတယ်။ ခေါင်းကိုက်တယ်။ ကိုယ်ခံအားကောင်းတဲ့လူငယ်တွေဆိုရင် နှစ်ပတ်မှတစ်လလောက်ဆိုရင် နာလန်ပြန်ထတယ်။ လူနာ ၁၀၀ မှာ ငါးဦးအသက်သေဆုံးနိုင်ခြေရှိပါတယ်။

ရောဂါဆိုးဆိုးရွားရွားဖြစ်နိုင်ခြေရှိတဲ့သူတွေကတော့ ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ဆီးချိုရောဂါဝေဒနာရှင်တွေ၊ နာတာရှည်ကျောက်ကပ်ရောဂါဝေဒနာရှင်တွေ၊ နာတာရှည်အသည်းရောဂါဝေဒနာရှင်တွေ၊ ကိုယ်ခံအားကျဆေးသောက်နေရတဲ့သူတွေ (ဥပမာ-စတီးရွိုက်သောက်ရသူတွေ)၊ ကျောက်ကပ်၊ ရိုးတွင်းခြင်ဆီ၊ အသည်းအစားထိုးထားတဲ့လူတွေမှာ ပိုပြီးဖြစ်နိုင်ပါတယ်။ သူတို့အနေနဲ့ မကူးစက်နိုင်အောင် အထူးဂရုပြုဆင်ခြင်ရပါမယ်။

ကိုယ်ဝန်ဆောင်မိခင်တွေကလည်း မိခင်ရောသန္ဓေသားပါ အန္တရာယ်ရှိနိုင်ပါတယ်။ မျောက်ကျောက်ရောဂါက ဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်တာဖြစ်လို့ကုသဆေးကလည်း သုတေသနပြုဆဲအနေအထားပါ။ ကာကွယ်ဆေးကလည်း ကြိုးစားဆဲအခြေအနေပါ။ ဒါကြောင့် ကျွန်မတို့အားလုံး တစ်နိုင်တစ်ပိုင်ကာကွယ်ရပါမယ်။ လေထဲမှာပါနိုင်တဲ့ရောဂါပိုးကို မရှူမိအောင် နှာခေါင်းစည်းတပ်ရပါမယ်။ လက်တွေကို ဆပ်ပြာနဲ့ ဆေးကြောရပါမယ်။ တံခါးလက်ကိုင်တို့၊ လှေကားလက်ရန်းတို့မှာကပ်နေတဲ့ပိုးတွေကို မျက်စိ၊ အရေပြားတို့မှတစ်ဆင့် မကူးစက်နိုင်အောင် ကာကွယ်ရပါမယ်။ ကိုယ့်အနီးနားမှာရှိတဲ့လူရဲ့မျက်နှာနဲ့ ခြေ၊ လက်တို့မှာ ဆီပူလောင်သလို မီးလောင်ဖုလေးတွေ တွေ့ပြီဆိုရင် နီးစပ်ရာဆေးခန်းမှာ ပြသင့်ပါတယ်။ သူနဲ့လည်း ဝေးဝေးမှာနေပါ။ ကိုယ့်အိမ်ဝန်းကျင်မှာ မျောက်၊ ကြွက်၊ ရှဉ့်တို့ရှိတယ်ဆိုရင် နှာခေါင်းစည်းတပ်သင့်ပါတယ်။ သူတို့နဲ့မထိမိအောင်နေပါ။ လက်ကို မကြာခဏဆေးသင့်ပါတယ်။ တကယ်တော့ မျောက်ကျောက်ရောဂါ ကာကွယ်နည်းတွေဟာ ကိုဗစ်-၁၉ ရောဂါဖြစ်တုန်းက ကာကွယ်နည်းတွေနဲ့ အတူတူပါပဲ။

မျောက်ကျောက်ရောဂါကာကွယ်ရေးနည်းလမ်းတွေဟာ ကျွန်မတို့တစ်ဦးချင်းစီ ဂရုပြုပြီးလုပ်ဆောင်ကြရမှာပါ။ ပြည်သူတစ်ဦးချင်းဆီမှာ ကျန်းမာရေးအသိ၊ ကျန်းမာရေးတာဝန်အပြည့်ရှိပါတယ်။ ကျွန်မတို့အားလုံးပေါင်းစည်းအားနဲ့ မျောက်ကျောက်ရောဂါကို ကာကွယ်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ထန်းတပင်မြို့နယ်၌ ကျောင်းသားကျောင်းသူများ စာဖတ်ခြင်းအကျိုးရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို သိရှိစေရန်ရည်ရွယ်၍ ထန်းတပင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ဩဂုတ်လ ၂၀ ရက်က စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကျင်းပသည်။

ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန်လိုကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုမြတ်ဝင်းက ထန်းတပင်မြို့နယ် ပြည်သူ့စာကြည့်တိုက်၏ ဝန်ဆောင်မှုပေးနေသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြပြီး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေးနှင့် နိုင်ငံတကာ မြူနီစီပယ်ဖိုရမ်တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ထွက်ခွာ



**ရန်ကုန် ဩဂုတ် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီး အစည်းအဝေး (International Transport Summit 2024)နှင့် BRICS အဖွဲ့၏ နိုင်ငံတကာ မြူနီစီပယ်ဖိုရမ် (International Municipal Forum of BRICS Countries) များသို့တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့်အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးထိပ်သီး အစည်းအဝေးနှင့်နိုင်ငံတကာမြူနီစီပယ်ဖိုရမ်သို့တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းထွန်းတို့ လိုက်ပါသွားကြသည်။

အဆိုပါအစည်းအဝေးကို ဩဂုတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ မော်စကိုအစိုးရပို့ဆောင်ရေးနှင့်လမ်းများဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ မြို့ပြဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာများပေါင်းစပ်ဖွံ့ဖြိုးရေး၊ အဆင့်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ မိတ်ဖက်မြို့များ၏ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ရန်အတွက် နိုင်ငံတကာကျွမ်းကျင်သူများ တွေ့ဆုံနိုင်မည့် စင်္ကြံတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ မြို့ပြသွားလာရေးနှင့် မြို့များအဆင့်အတန်းမြင့်မားရေးတို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့်စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်ရာတွင် စနစ်ကျသည့် နည်းလမ်းများကို ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ဆိပ်ဖြူမြို့၌ ဆန်လက်လီလက်ကားဆိုင်နှင့်စားသုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ဆိပ်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးအတွင်း ဆန်လက်လီလက်ကားဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များအား ရောနှောဆီရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ်လ ၂၀ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထုတ်ပြန်ချက်အား သိရှိစေရန်၊ ကုန်စည်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စားသုံးဆီများတွင် ရောနှောဆီများ ရောင်းချမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးသည်။

စားသုံးသူပြည်သူများအတွက် ဆန်များအား သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးနှင့်စားသုံးသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စားသုံးဆီများတွင် ရောနှောဆီများရောင်းချမှုမရှိစေရေး ရည်ရွယ်၍ အပတ်စဉ် ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး၏ ပြောကြားချက်အရသိရသည်။

ညွန့်နန္ဒာတင်

# ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် နှစ်ကျပ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစီးမှူး ဒေါ်အေးအေးသက် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နှစ်ကျပ်ခွဲကျေးရွာ၌ စက်ရေတွင်း ရေရရှိရေး 11 KW ရှိသော ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌက



သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

နှစ်ကျပ်ခွဲကျေးရွာ၌ အဆိုပါဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၉ ဒသမ ၇၇ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၂၃ သန်း စုစုပေါင်း ငွေကျပ် ၂၆ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဩဂုတ်လ ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက နှစ်ကျပ်ခွဲကျေးရွာရှိ အိမ်ခြေ ၈၃၁ အိမ်၊ လူဦးရေ ၃၉၄၃ ဦးအား အိမ်တိုင်ရာရောက် ရေပေးဝေစနစ်ဖြင့် အချိန်ပြည့် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အညာသူ

## နိုင်ငံအတွက် ခိုင်မြဲတဲ့သစ္စာ

❒ တပ်မတော်မှာ အားဆယ်ပါး
ထင်ရှားရှိ လိုက်နာပြန်။
သစ္စာကို စောင့်သိမြဲ
ရဲဝံ့အားမာန်။
စိတ်ဓာတ်က စဉ်မြဲမြဲ
ရှင်သန်ကာ လွန်ခိုင်ခံ့။
သွေးသတ္တိ ရှိကြကာ
ပြည့်ဝကာ အံ့မခန်းနဲ့
စစ်စည်းကမ်း လိုက်နာမှု
စံပြုစေအံ့။

❒ တစ်သက်မခွဲ မြဲညီတူ
ပြည်သူကို လုပ်ကျွေးပြု။
ဘေးပြောတာ မယုံ
သွေးပြောတာ အမှန်ယုံလို့
စွမ်းမာန်ဟုန် ပေါင်းကာဆင့်
မြင့်ခဲ့လူမှု။

❒ သတ္တိဖွဲ့ လုံ့လသန်
တို့နိုင်ငံ ကာကွယ်ဖို့။
တပ်မတော်သည် ပြည်သူ့အတွက်
သွေးသက်နှံလို့။

❒ တပ်မတော် ပြည်သူအမြဲ
တွဲလက်များ ခိုင်မာပေ။
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်
ကိန်းဝပ်လို့နေ။
ပျို့မျစ်လျက် အစဉ်ပေ
စေလိုစေ ဘယ်ဆီညွှန်း။
ကမ္ဘာတည်သမျှ တိုင်အောင်ပ
မြန်မာပြည် ခိုင်ခိုင်မတ်စေဖို့
တပ်မတော် ရပ်တည်ရစ်မယ်
ချစ်လျက်ဖော်ညွှန်း။
သစ်လျက်ကျော်ဝှန်း။
စစ်ထွက်မော်ကွန်း။ ။

ချမ်းမြဲဆောင်း(ကလော)

# ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်၍ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလေးဆေးရုံကြီး-ရန်ကုန်သို့ရောက်ရှိကာ ဆေးကုသဆောင်၊ ကလေးခွဲစိတ်ကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်နှင့် ကလေးအရိုးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကိုတင်ပြသည်။

ယင်းနောက် ဌာနရန်ပုံငွေဖြင့် ဝယ်ယူထောက်ပံ့ထားရှိသည့် ဆေးဝါးများရရှိသုံးစွဲမှုအခြေအနေ၊ နိုင်ငံတော်အစီအစဉ်ဖြင့် ရောဂါရှာဖွေရေး၊ ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်သောကုသမှုများရရှိရေးဆောင်ရွက်ထားရှိမှုနှင့် အထူးကုပြင်ပလူနာဌာန ဖွင့်လှစ်ဆောင်ရွက်နိုင်မှုတို့ကိုစစ်ဆေးကာ လူနာများနေရာကျယ်ဝန်းစွာ ကုသမှုခံယူနိုင်ရေးအတွက် ဖျားနာဆောင်တိုးချဲ့ဖွင့်လှစ်ရန်နှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ အားဖြည့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးအထူးအဖွဲ့-၁ မှ တာဝန်ယူဆောက်လုပ်ခဲ့သော တိုးချဲ့ခြောက်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကာ အမြန်ဆုံးလွှဲပြောင်း/လက်ခံဆောင်ရွက်ရန်နှင့် အတွင်းလူနာထားရှိကုသနိုင်ရေး လိုအပ်သည်များပြင်ဆင်ထားရှိရန် မှာကြားသည်။

ညနေပိုင်းတွင် မျက်စိရောဂါအထူးကုဆေးရုံကြီး ရန်ကုန်သို့ရောက်ရှိကာ မြေညီထပ်ရှိ ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ရေတိမ်ရောဂါအထူးကုစမ်းသပ်ခန်း၊ မျက်စိရောဂါအထူးစမ်းသပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပထမထပ်ရှိ ကလေးမျက်စိရောဂါဆိုင်ရာမျက်စိအထူးစမ်းသပ်ခန်း၊ မြင်လွှာနှင့် မျက်စိအထူးစမ်းသပ်ခန်း၊ မျက်ခွံ၊ မျက်ရည်လမ်းကြောင်း၊ မျက်လုံးအိမ်ပိုင်းဆိုင်ရာ မျက်စိအထူးစမ်းသပ်ခန်း၊ မျက်ကြည်လွှာဆိုင်ရာ မျက်စိအထူးစမ်းသပ်ခန်း၊ လေဆာခန်း၊ ဒုတိယထပ်ရှိအမျိုးသမီးဆောင်၊ သီးသန့်လူနာခန်းများနှင့် တတိယထပ်ရှိ ရန်ကုန်အမျိုးသား မျက်စိဘဏ်တို့အား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရန်ကုန်အမျိုးသားမျက်စိဘဏ် မျက်ကြည်လွှာလှူဒါန်းမှုပိုမိုရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ မျက်စိခွဲစိတ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ရန်၊ မျက်တွင်းမှန်ဘီလူးများ ပိုမိုထောက်ပံ့နိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့ရောက်ရှိကာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနများသို့ လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးအပါအဝင်တာဝန်ကျအထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ ဆေးရုံဥပဓိရုပ်ကောင်းမွန်ရေးနှင့်ဆေးရုံသုံးပစ္စည်းများ သပ်ရပ်တင့်တယ်စေရေး လိုအပ်သော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ ပြင်ပလူနာကြည့်ရှုကုသမှု ပိုမိုအားဖြည့်ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဩဂုတ် ၂၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုဦးဆောင်သော ဌာနဆိုင်ရာအဖွဲ့တို့က နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားမဝင်မူးယစ်ဆေးဝါး၊ online လောင်းကစားများတားဆီးနှိမ်နင်းရေး၊ မီးခိုးမြူငွေ့နှင့် ရေကြီးရေလျှံမှုအန္တရာယ် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ရဲမှူးကြီးအောင်ဇော်မိုးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ခရီးသွားပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ပြည်-ရန်ကုန် အမှတ်(၇၂) အစုန်အမြန်ရထားလက်မှတ်များကို နေ့ရက်အလိုက် ကြိုတင်ရောင်းချပေးလျက်ရှိ



**ပြည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်ဘူတာကြီး၌ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပြည်-ရန်ကုန် ပြေးဆွဲလျက်ရှိသော အမှတ်(၇၂)အစုန် အမြန်ရထားလက်မှတ်များကို နေ့ရက်အလိုက် ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း မြန်မာ့မီးရထား ပြည်ဘူတာမှ သိရသည်။

ယနေ့တွင် ပြည်ဘူတာ၌ ဩဂုတ်လ ၂၄ ရက်အတွက် အထက်တန်း (၃ ရက်ကြို ) လက်မှတ်စောင်ရေ ၉၀၊ ၂၃ ရက်အတွက် (၂ ရက်ကြို)လက်မှတ်စောင်ရေ ၄၂ စောင်နှင့် ၂၁ ရက်အတွက် အထက်တန်း (၁ ရက်ကြို) လက်မှတ် ၂၅ စောင်တို့ကို ခရီးသွားပြည်သူများအား ရောင်းချပေးလျက်ရှိပြီး ရိုးရိုးတန်းလက်မှတ်များကို ဩဂုတ်လ ၂၂ ရက်အတွက် (၁ ရက်ကြို)လက်မှတ်စောင်ရေ ၂၀၀ နှင့် ယနေ့ ၂၁ ရက်အတွက် နေ့ချင်းလက်ကျန်ရိုးရိုးတန်းလက်မှတ်စောင်ရေ ၁၅၈ စောင်အား တန်းစီစနစ်ဖြင့် စာရင်းကောက်ယူ၍ စိစစ်ရောင်းချပေးနေကြောင်းနှင့် လက်မှတ်ခစျေးနှုန်းမှာ ရန်ကုန်သို့အထက်တန်း ၁၀၀၀၀ကျပ်နှင့် ရိုးရိုးတန်း ၅၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရထားလက်မှတ်များရောင်းချပေးရာတွင် ခရီးသည်တစ်ဦးလျှင် ခရီးသွားမည့်သူကိုယ်တိုင်အပါ အထက်တန်းသုံးစောင်၊ ရိုးရိုးတန်းငါးစောင်ရောင်းချပေးခြင်းဖြစ်ပြီး မှတ်ပုံတင်မူရင်းဖြင့် ဝယ်ယူရမည်ဖြစ်ကာ လက်မှတ်များကို နေ့စဉ်နံနက် ၇ နာရီမှ ၁၂ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ တစ်ကြိမ်နှင့် နေ့ချင်းလက်ကျန်လက်မှတ်များကျန်ရှိနေသေးပါက ည ၇ နာရီတွင်တစ်ကြိမ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် လက်မှတ်များကို လက်မှတ်ရုံတွင် တိုက်ရိုက်ဝယ်ယူရမည်ဖြစ်ပြီး အဆင်မပြေမှုများရှိပါက ရုံပိုင်ကြီး(အထူးတန်း)ပြည်ဘူတာထံတွင်လာရောက်အကူအညီတောင်းခံနိုင်ကြောင်းနှင့် ရထားထွက်ချိန်မှာ နေ့စဉ် ည ၉နာရီတိတိဖြစ်ကြောင်း မြန်မာ့မီးရထား ပြည်ဘူတာမှ သိရသည်။

ကိုဆက်(ပြန်/ဆက်)

၂၁-၈-၂၀၂၄

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| မုဒုံ | ၄ | ဒသမ | ၆၁ | လက်မ |
| ဟသ်ာတ | ၃ | ဒသမ | ၁၅ | လက်မ |
| ပြင်ဦးလွင် | ၂ | ဒသမ | ၈၇ | လက်မ |
| ကော့ကရိတ် | ၂ | ဒသမ | ၈၃ | လက်မ |
| လှည်းကူး | ၂ | ဒသမ | ၆၀ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၂၄ | လက်မ |
| သာယာဝတီ | ၂ | ဒသမ | ၁၃ | လက်မ |
| မှော်ဘီ | ၂ | ဒသမ | ၀၉ | လက်မ |

## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၂-၈-၂၀၂၄(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည်။



အဆိုပါ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ MRTV အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက **"နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ **"ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"** ယှဉ်ပြိုင်မှု ပုံရိပ်များ Video Clip ကို ပြသပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဆက်လက်၍ "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" အစီအစဉ်ကို Round လေးခုဖြင့်ကျင်းပရာ Round (1)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း(၁၀)ခုကို အဖြေမှန်ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ Round (2)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း (၁၀)ခုကို အမှား/အမှန် ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ Round(3)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း (၁၀)ခုကို ကွက်လပ်ဖြည့်နည်းဖြင့်လည်းကောင်း၊ Round(4)တွင် ရုပ်မြင်သံကြားဆိုင်ရာ မေးခွန်း(၁၀)ခုကို TV Spot နှင့် တေးသီချင်းများ ဖွင့်လှစ်ပြသမှုဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းကို မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်၌ရှိသည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရန် သန်းခေါင်စာရင်းရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၁ သိန်း ၁ သောင်းခန့် ရှိမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် ၄ သောင်း ၂ ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားပါကြောင်း၊ သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက်မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် စာရင်းစစ်၊ စာရင်းကောက်များ၏ မေးမြန်းသည့် မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုသန်းခေါင်စာရင်းကို နည်းပညာအသုံးပြု၍ Mobile Tablet များဖြင့် ကောက်ယူပြီး ရုံးချုပ်သို့ Online စနစ်ဖြင့် ပေးပို့ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချက်အလက်များကို မှန်မှန်နှင့် မြန်မြန်သိရှိနိုင်မည်ဖြစ်ပြီး ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း အချိန်တိုတိုအတွင်း သိရှိထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များကို မကြာမီကျင်းပတော့မည့်အထွေထွေရွေးကောက်ပွဲတွင် အဓိကကျသည့် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရေးအတွက် အထောက်အကူပြုအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ရာ လုပ်ငန်းစဉ်ဆောင်ရွက်မှုကို ပြည်သူများသိရှိနားလည်လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။







ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လှုံ့ဆော်တေးများဖြစ်သည့် **"သမိုင်းမှတ်တိုင်စိုက်ထူနိုင်ပြီ"** တေးသီချင်းနှင့် "ကျေးဇူးပြု၍ ဖြေပေးပါ" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ"ပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိကြသည့် မကဗျာထက်နိုင်နှင့် မခင်နေခြည်ထွန်းတို့အားလည်းကောင်း၊ ပူးတွဲ ဒုတိယဆုရရှိကြသည့် မောင်အောင်လင်းခန့်၊ မကေသရီစိုးစံနှင့် မနှင်းဖေရယ်မိုးတို့အားလည်းကောင်း၊ အထူးဆုရရှိသူငါးဦးတို့အားလည်းကောင်း ဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာလှုံ့ဆော်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစိုးမြင့်ထွန်းတို့က လက်ခံရယူကြသည်။

ထို့နောက် "နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်" တေးသီချင်းအသစ်တစ်ပုဒ်အား မေတ္တာဖြင့် တီးခတ်ပေးသော မြဝတီရုပ်မြင်သံကြား တေးဂီတအဖွဲ့နှင့် ၎င်းတေးသီချင်းအား မေတ္တာဖြင့် ရေးစပ်သီကုံးပေးသော ဦးသိန်းရွှေဝင်းတို့အား ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းအဆင့်)တွင် ဆုရရှိသူငါးဦးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်းပါးပြိုင်ပွဲ (ဝါသနာရှင်အဆင့်)တွင် ဆုရရှိသူငါးဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၁၂ သို့

➲ စာမျက်နှာ ၁၁ မှအဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စားရိပ်သာ၌ ဆုရရှိကြသူများ၊ ပြိုင်ပွဲဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ News Channel Studio နှင့် Farmer's Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုများအားလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများအားလည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်အပေါ် ပြည်သူများ စိတ်ဝင်စားမှုပိုမိုရရှိပြီး ပါဝင်ဆောင်ရွက်လာနိုင်ရေးနှင့် အသိပညာမျှဝေရန်အတွက် လူထုလှုပ်ရှားမှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့်ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား၊ ကျောင်းသူ ငါးဦးစီ ပါဝင်ယှဉ်ပြိုင်သည့် ရေဒီယိုဉာဏ်စမ်းပဟေဠိပွဲစဉ် ငါးပွဲကို ၂၀၂၄ ခုနှစ် မတ်လမှ စတင်၍ ဇူလိုင်လအထိ နေပြည်တော်နှင့် ရန်ကုန်တွင် လစဉ်ကျင်းပခဲ့ပြီး အဆိုပါ ပြိုင်ပွဲများမှ ပထမနှင့် ဒုတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

အဆိုပါရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ ကျင်းပပုံများကို ယနေ့ ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)က ထုတ်ပြန်သည့် မြန်မာနိုင်ငံက ဆောင်ရွက်ရမည့် အချက်တစ်ချက်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာအရေးယူမှုနှင့် စပ်လျဉ်းသည့် အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ရေးဆွဲခဲ့ကြောင်း၊ ဤပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ပါက ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF)၏ ထုတ်ပြန်ချက်တစ်ချက်ကို ဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုကို ပြသနိုင်ခြင်းဖြင့် Counter Measure စာရင်းသို့ ထည့်သွင်းမည့်အပေါ် ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သောအဖွဲ့က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)သည် နိုင်ငံတော်အတွက်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရှုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူ များတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကိုတပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ် စားပါ၊

**Mpox (မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**
ဩဂုတ်လ၊ ၂၀၂၄

# မသိမဖြစ်သော လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုအန္တရာယ်


မောင်မောင်စွယ်စုံထွန်း

ယခုအခါ နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အား မလုံလောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပြည်သူအများအခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်သူအချို့သည် "မည်သူသေသေ ငတေမာလျှင်ပြီးရော"ဆိုသကဲ့သို့ မိမိတို့အကျိုးစီးပွားအတွက် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်လျက်ရှိနေကြသည်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများသည် နှစ်စဉ်တိုးပွားလာနေပြီး ယခုအခါ တရားမဝင်သုံးစွဲမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စစ်ဆေးဖော်ထုတ်လျက်ရှိနေရာ အမှုပေါင်းသောင်းနှင့်ချီ၍ စစ်ဆေးတွေ့ရှိနေရသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်ယူနစ်ပေါင်းသန်းနှင့်ချီ၍ ဆုံးရှုံးရပြီး ဓာတ်အားခဘီလီယံနှင့်ချီ၍ နစ်နာကြေးတောင်းခံနေရသည်ကိုတွေ့ရှိနေရသည်။ သို့ဖြစ်၍ ယခုအခါလျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်မှ အထူးကြပ်မတ်၍ စီမံချက်များချမှတ်ပြီးဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိပြီးသူအချို့ကလည်း မီတာများအားမသမာသည့်နည်းလမ်းများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲနေသလို လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရရှိသေးသူများကလည်း တိုက်ရိုက်ချိတ်ဆက်ခိုးယူသုံးစွဲနေကြသည်။ တရားမဝင်ခိုးယူသုံးစွဲမှုများကိုလေ့လာရာတွင် တိုက်ရိုက်ခိုးယူသုံးစွဲမှုများသည် အများဆုံးဖြစ်ပြီး ဝန်ပိုသုံးစွဲခြင်း၊ ဆင့်ပွားသုံးစွဲခြင်း၊ ရှန့်လင့်ခွာ၍ ခိုးယူသုံးစွဲခြင်း၊ မီတာခွထောက်ပြုလုပ်သုံးစွဲခြင်း၊ ကာဗာဆီးလ်ဖြုတ်အတွင်း ပြုပြင်သုံးစွဲခြင်းများကိုလည်း အထိုက်အလျောက်တွေ့ရှိနေရသည်။ မီတာတပ်ဆင်ထားပြီး ဓာတ်အားခအပြည့်အဝမပေးရအောင်၊ မီတာသုံးစွဲယူနစ်မတက်အောင်၊ အလည်နေးအောင်စသည်ဖြင့် နည်းမျိုးစုံဖြင့် ခိုးယူသုံးစွဲနေတာမျိုးကိုလည်း စစ်ဆေးတွေ့ရှိနေရသည်။

လျှပ်စစ်ဥပဒေအရ တရားမဝင်ဓာတ်အားသုံးစွဲမှုကို စစ်ဆေးတွေ့ရှိခဲ့လျှင် နေအိမ်ဖြစ်စေ၊ စက်ရုံ/လုပ်ငန်းဖြစ်စေ တပ်ဆင်သုံးစွဲထားသောဝန်အားပမာဏအပေါ်အခြေခံ၍ တစ်နေ့ ၈ နာရီသုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေသုံးသည်ဟုမှတ်ယူ၍ တစ်နှစ်စာ နောက်ကြောင်းပြန်တွက်ချက်လျက် လျော်ကြေးများကောက်ခံသွားမည်ဖြစ်သလို လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခံရခြင်း၊ သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ရခြင်း အပြစ်ဒဏ်များ ကျခံရမည်ဖြစ်သည့်အပြင် မီးသုံးစွဲမှုလည်း ဖြတ်တောက်ခံရမည်ဖြစ်သည်။ ထိုသို့မီတာတပ်ဆင်ပြီး ခိုးယူသုံးစွဲနိုင်ရန်ဆောင်ရွက်ပေးရာတွင် ဝန်ထမ်းများပါဝင်ပတ်သက်နေပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ အလုပ်မှထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်း စသည်တို့အားထိရောက်စွာဆောင်ရွက်လျက်ရှိသည်။ မီတာတပ်ဆင်ခြင်းမရှိဘဲ တိုက်ရိုက်ခိုးယူသုံးစွဲခြင်းသည် ပြည်သူပိုင်ပစ္စည်းအား ခိုးယူခြင်းဖြစ်၍ ဥပဒေကြောင်းအရ ရဲစခန်း၌ အမှုဖွင့်၍ တရားရုံးတွင် တရားစွဲဆိုရာတွင်လိုအပ်ပါက လျှပ်စစ်ဥပဒေသာမက အခြားသောပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေများဖြင့်ပါ တရားစွဲဆိုသွားမည်ဟုလည်း သိရသည်။

ထိုကဲ့သို့ နည်းအမျိုးမျိုးဖြင့် တရားမဝင်ဓာတ်အားသုံးစွဲသူများသည် မီတာခကုန်ကျစရိတ်မရှိသဖြင့် ဓာတ်အားရရှိချိန်တွင် အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြခြင်းကြောင့် နိုင်ငံ၏ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားသွားစေသည်။ သို့ဖြစ်၍ လျှပ်စစ်မီးပြည့်ဝစွာသုံးစွဲလိုသည့်တရားဝင်မီတာဖြင့် မှန်မှန်ကန်ကန်သုံးစွဲနေသော ပြည်သူများအနေဖြင့်လည်း လျှပ်စစ်မီးကိုချွေတာသုံးစွဲရုံသာမကတရားမဝင်ဓာတ်အားခိုးယူသုံးစွဲနေမှုများကြောင့် ဓာတ်အားမလုံလောက်ဖြစ်ပေါ်စေခြင်းအားသိမြင်နားလည်ကြပြီးလျှပ်စစ်ဌာနသို့ သတင်းပေးဖော်ထုတ်တိုင်ကြားအသိပေးခြင်းဖြင့် ဓာတ်အားမလုံလောက်နေချိန်တွင်ပိုမိုသုံးစွဲလာနိုင်ရုံမက ဆေးရုံ၊ စာသင်ကျောင်းစသည့်လျှပ်စစ်မီးအရေးကြီး လိုအပ်သောနေရာများသို့ပါ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိခံစားလာနိုင်မည်ဖြစ်သည်။




ဓာတ်ပုံ-အင်တာနက်

▲ **လျှပ်စစ်ဓာတ်အားခမပေးရအောင် နည်းအမျိုးမျိုးဖြင့် ပြုပြင်သုံးစွဲခြင်းများသည် တရားမဝင်ဓာတ်အားသုံးစွဲခြင်းများဖြစ်၍ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မများအရ ပြစ်ဒဏ်ထိုက်သင့်သည့်အပြင် ၂၀၀၉ ခုနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်အရလည်း စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရမည်ကို ပြည်သူအများသိရှိနားလည်သဘောပေါက်ကြရန်လိုအပ် . . .**

တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကြောင့် ဓာတ်အားများပျောက်ဆုံး၍ နိုင်ငံတော်၏လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေလျော့ကျခြင်း၊ ဗို့အားများကျဆင်းလာခြင်း၊ ထရန်စဖော်မာများ ဝန်အားမနိုင်နင်းမှုကြောင့် လောင်ကျွမ်းပျက်စီးခြင်းများစွာကိုဖြစ်ပေါ်စေ၍ နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် မီးဘေးအန္တရာယ်များ၊ ဓာတ်လိုက်မှုအန္တရာယ်များလည်း များစွာဖြစ်ပွားလျက်ရှိနေသဖြင့် တရားမဝင်သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရပါက ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မ(၅၂)နှင့်(၅၃)တို့အရ ထိရောက်စွာ အမှုဖွင့်အရေးယူသွားရန် ဆောင်ရွက်လျက်ရှိခြင်းလည်းဖြစ်သည်။

ဤနေရာတွင် အဆိုပါပုဒ်မနှစ်ခုအား ပြည်သူများသိရှိနိုင်စေရန် ဖော်ပြပေးလိုပါသည်-

ပုဒ်မ(၅၂)။ ။ခွင့်ပြုမိန့်ရရှိသူ၏ခွင့်ပြုချက်မရှိဘဲ မည်သူမှလျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်းမပြုရ။ (လျှပ်စစ်ဓာတ်အားတိုက်ရိုက်ခိုးယူသုံးစွဲခြင်း မပြုလုပ်ရန်တားမြစ်ခြင်းဖြစ်ပါသည်။)

ပုဒ်မ(၅၃)။ ။မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကိုဖျက်ဆီးခြင်းမပြုရ။(ဓာတ်အားလိုင်းများမှ တရားမဝင်ချိတ်ဆွဲသွယ်တန်းသုံးစွဲခြင်း၊ လျှပ်စစ်မီတာအား မသမာမှုပြုလုပ်၍ ဓာတ်အားခိုးယူခြင်းစသည်တို့အား မပြုလုပ်ရန်တားမြစ်ခြင်းဖြစ်ပါသည်။)

အဆိုပါဥပဒေအရ ပုဒ်မ(၅၂)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေပုဒ်မ(၆၂)အရ ပထမအကြိမ်ကျူးလွန်ပါက ငွေဒဏ်ချမှတ်နိုင်သော်လည်း ဒုတိယအကြိမ်ထပ်မံကျူးလွန်ကြောင်းတွေ့ရှိရလျှင် ငွေဒဏ်အပြင် ၂ နှစ်အထိထောင်ဒဏ်ကိုပါချမှတ်သွားလိမ့်မည်ဖြစ်သည်။ ပုဒ်မ(၅၃)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေပုဒ်မ (၆၃)အရအနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုပါချမှတ်နိုင်ကြောင်းဖော်ပြထားသည်။ ပုဒ်မ(၆၄)အရ အားပေးကူညီကြောင်းပြစ်မှုထင်ရှားသူသည် သက်ဆိုင်ရာပြစ်မှုပါပြစ်ဒဏ်အတိုင်း တစ်ပြေးညီ ထောင်ဒဏ်နှင့်ငွေဒဏ်များချမှတ်သွားလိမ့်မည်ဖြစ်ရာ မီးကိုမသိ၍ကိုင်တွယ်မိပါက ပူမည်ဖြစ်သကဲ့သို့ ဥပဒေကိုမသိ၍ လုပ်မိပါသည်ဟု ထုချေ၍ရလိမ့်မည်မဟုတ်ပါ။

အများပြည်သူများအား အသိပညာမျှဝေလိုသည်မှာ လက်ရှိလျှပ်စစ်ဝန်ထမ်းဖြစ်စေ၊ ဝန်ထမ်းဟောင်းဖြစ်စေ၊ လျှပ်စစ်လုပ်ငန်းတတ်သိနားလည်သူတစ်ဦးဦးကဖြစ်စေ ခွင့်ပြုချက်မရှိဘဲ မီတာကို တရားမဝင်ဖြုတ်၍ Seal ကိုဖြတ်ခြင်း/ ပြုပြင်ခြင်းဆောင်ရွက်ပြီး မီတာအတွင်း မီတာယူနစ်မတက်အောင်ပြုပြင်ခြင်းသည် လျှပ်စစ်ဥပဒေအရ လျှပ်စီးကြောင်း လွှဲပြောင်းခြင်းဖြစ်သဖြင့် ချက်ချင်းအချုပ်အနှောင်ခံရနိုင်သည်ကို သေသေချာချာသိရှိနားလည်ကြစေလိုသည်။

ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တရားမဝင်ဓာတ်အားသုံးစွဲမှုကို အရေးယူရမည့် လုပ်ထုံးလုပ်နည်း "ရုံးအမိန့်စာ"အမိန့်အမှတ် ၅၀၄/၂၀၀၉ ညွှန်ကြားချက်အရလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီမံခန့်ခွဲရေးနည်းလမ်းအရ တစ်ပေါင်းတည်းအရေးယူခြင်းကိုလည်းခံကြရပါလိမ့်မည်။

အဆိုပါအမိန့်စာ(ညွှန်ကြားချက်)အရ ပြည်သူအချို့ဆောင်ရွက်လျက်ရှိသော တရားမဝင်သုံးစွဲမှုများမှာ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်း၊ ဆင့်ပွားဓာတ်အားဆက်သွယ်သုံးစွဲခြင်း၊ အထွေထွေအိမ်သုံးမီတာ/ အိမ်သုံးပါဝါမီတာမှ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မီတာခွင့်ပြုဝန်အားထက် ပိုမိုသုံးစွဲခြင်း၊ မီတာအမျိုးမျိုးအားပြုပြင်၍ ဓာတ်အားခိုးယူသုံးစွဲခြင်း၊ ကန့်သတ်ထားသောအချိန်တွင် စက်မှုလက်မှုလုပ်ငန်းများအတွက် ဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားအလှည့်ကျပိတ်ထားချိန်တွင် မိမိသဘောဖြင့် မိမိဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားလိုင်းနှစ်လိုင်း သို့မဟုတ် နှစ်လိုင်းနှင့်အထက်ဆွဲထားခြင်း၊ မီတာအမျိုးမျိုးအားချွတ်ယွင်းမှု(Tampered)ဖြစ်အောင် တရားမဝင်ပြုလုပ်ခြင်း၊ မီတာနှင့်တွဲဖက်အသုံးပြုရသော လျှပ်စစ်ပစ္စည်းများကို မူလအနေအထားပျက်ယွင်းအောင်ပြုပြင်မှု(Tampered)ပြုလုပ်ခြင်းတို့ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း မသမာသောနည်းလမ်းတစ်ခုခုဖြင့် လျှပ်စစ်ဓာတ်အားကို တရားမဝင်သုံးစွဲနေကြောင်းစစ်ဆေးတွေ့ရှိခဲ့လျှင် ဝန်ကြီးဌာနမှ အဆိုပါအမိန့်စာပါ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်လည်း ထပ်မံအရေးယူဆောင်ရွက်သွားတော့မည်ဟုသိရသည်။

ယခင်ကာလများက မီတာများကို ပြင်ပမှသာ မသမာမှုပြုလုပ်ကြခြင်းဖြစ်ပြီး မီတာယူနစ်မတက်အောင် မီတာမရောက်မီအဝင်မှသုံးစွဲခြင်း(By pass)၊ မီတာအဝင်ကြိုးနှင့်အထွက်ကြိုးကို ခွထောက်ပြုလုပ်သုံးစွဲခြင်းများ၊ မီတာအဝင်ကြိုးနှင့်အထွက်ကြိုးပြောင်းပြန်တပ်ဆင်သုံးစွဲခြင်းများအားပြုလုပ်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းကာလများတွင် မီတာအတွင်းသို့ပါ ပြုပြင်၍ (Tampered) ဖြစ်အောင်သုံးစွဲနေကြသူများကို အများအပြားတွေ့ရှိနေရပြီလည်းဖြစ်သည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားခမပေးရအောင် နည်းအမျိုးမျိုးဖြင့် ပြုပြင်သုံးစွဲခြင်းများသည် တရားမဝင်ဓာတ်အားသုံးစွဲခြင်းများဖြစ်၍ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မများအရ ပြစ်ဒဏ်ထိုက်သင့်သည့်အပြင် ၂၀၀၉ ခုနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်အရလည်း စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရမည်ကို ပြည်သူအများသိရှိနားလည်သဘောပေါက်ကြရန် လိုအပ်နေပြီဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ မီတာများတွင် ပြုပြင်မရနိုင်စေရန် အသုံးပြုသော Seal များအကြောင်းကိုလည်း အနည်းငယ်ရှင်းပြလိုပါသည်။ ယခုအခါ Digital မီတာများသည် Electronics စနစ်သုံးများဖြစ်ရာ မီတာအတွင်းပိုင်းသို့ဖွင့်၍ ပြုပြင်မှုများရှိသဖြင့် မီတာအား Cover Seal ခတ်ထားသည်။ မီတာ၏ Body Cover ကိုဖွင့်မရအောင်ခတ်ထားသော Seal များဖြစ်ပြီး မီတာစတင်ထုတ်ပေးစဉ်ကတည်းက တပ်ဆင်ပြီးပါလာသော seal ဖြစ်၍ မည်သူမှဖွင့်ခွင့်မရှိသော Seal ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် Terminal Seal ခတ်ထားသည်။ Terminal Seal မှာ

စာမျက်နှာ ၁၄ သို့ ✦

✦ စာမျက်နှာ ၁၃ မှအဆက်

သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ဝန်ထမ်းများခတ်ထားသော Seal ဖြစ်ပြီး တာဝန်ရှိသူမှအပ ဖွင့်ခွင့်မရှိပါ။ နောက်တစ်မျိုးမှာ မီတာတပ်ဆင်ထားသည့် Box ကိုခတ်သော Box Seal ဖြစ်ပြီး Terminal Seal ကဲ့သို့ပင်ဖြစ်သည်။ ထိုသို့ Seal များအဆင့်ဆင့်ခတ်၍ ပြုလုပ်ထားသော မီတာအား Seal ပျက်စီးနေလျှင်၊ Seal မရှိတော့လျှင် Tampered ဟုသတ်မှတ်ပြီး သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးနည်းလမ်းများဖြင့်အရေးယူခြင်းခံရမည်ဖြစ်သည်။

မီတာမရှိဘဲတိုက်ရိုက်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ ၁၂ နာရီနှုန်းဖြင့် တစ်နှစ်စာ လျော်ကြေးတောင်းခံမည်ဖြစ်သလို တရားစွဲဆိုခြင်းကိုပါခံကြရပါမည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ တစ်နေ့ ၈ နာရီနှုန်းဖြင့် တစ်နှစ်စာလျော်ကြေးတောင်းခံမည်ဖြစ်သည့်အပြင် ဒဏ်ကြေးနှင့်အစားထိုးတပ်ဆင်ခများကိုပါ ပေးဆောင်ကြရမည်ဖြစ်သည်။ လျော်ကြေးတောင်းခံပုံမှာလျော်ကြေး= တပ်ဆင်ဝန်အား(KW)x ၁၂ နာရီ(ဓာတ်အားသုံးစွဲချိန်)x ၃၆၅ ရက်x အမြင့်ဆုံးဓာတ်အားခနှုန်းဟုတွက်ချက်သည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် ဓာတ်အားသုံးစွဲချိန်ကို တစ်နေ့ ၈ နာရီဖြင့်ပြောင်းလဲတွက်ချက်မည်ဖြစ်သည်။ Over Load ဖြင့်ဆိုလျှင် အစားထိုးတပ်ဆင်ခ သုံးဆပေးသွင်းရခြင်း၊ ရိုးရိုး Tampered ဖြစ်ခြင်းအတွက် ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ ပါ ပေးသွင်းရခြင်း စသည့်အခြားသော သတ်မှတ်ချက်များလည်းရှိလာမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ တရားမဝင်သုံးစွဲမှုများသည် တစ်နေ့တခြားများပြားလာလျက်ရှိနေခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်ခန့်က NEP နှင့် ပတ်သက်သော ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတစ်စောင်တွင် မြန်မာပြည်သူများသည် လျှပ်စစ်နှင့်ပတ်သက်၍ ဗဟုသုတလွန်စွာနည်းပါးလှပြီး ဓာတ်အားခပေးဆောင်နေခြင်းကို အခပေးရသည်ဟုမထင်ဘဲ အခွန်ပေးဆောင်နေရသည်ဟု ထင်မြင်ယူဆနေကြကြောင်း၊ လျှပ်စစ်သုံးစွဲခြင်းအား ရပိုင်ခွင့်တစ်ခုကဲ့သို့ ယူဆနေကြကြောင်း စသည်ဖြင့်ဖော်ပြထားသည်ကိုဖတ်ရှုခဲ့ဖူးရာ များစွာဝမ်းနည်းဖွယ်ရာကောင်းလှသည်။ ထိုကဲ့သို့ လျှပ်စစ်ဆိုင်ရာဗဟုသုတနည်းပါးခြင်းကြောင့် မိမိတို့ဆောင်ရွက်မှု၏အကျိုးဆက်ကို မသိမြင်ကြတော့ဘဲ မိမိအဆင်ပြေလျှင်ပြီးရောစိတ်ဓာတ်ဖြင့် တရားမဝင်ဓာတ်အားခိုးယူသုံးစွဲခြင်းများကို ဖြစ်ပေါ်လာစေသည်ဟု စာရေးသူအနေဖြင့် ယူဆမိသည်။ သို့ဖြစ်ပါ၍ လျှပ်စစ်ဆိုင်ရာဗဟုသုတ ပညာပေးလုပ်ငန်းများအား များစွာဆောင်ရွက်ရန်လိုအပ်နေသည်ဟုယူဆမိပါသဖြင့် အထက်ဖော်ပြပါ လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို မပြုလုပ်မိကြစေရန် တိုက်တွန်းရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

## ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**လှိုင်းဘွဲ့ ဩဂုတ် ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရောဂါပိုးကင်းစင်၍ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်ရည်ရွယ်၍ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ်လ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အေးမြနန္ဒာထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇူလိုင်လအစောပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကြောင့် ကျေးရွာရှိရေတွင်းများတွင် အညစ်အကြေး၊ ရောဂါပိုးမွှားများကင်းစင်စေရန်၊ ကျေးလက်နေပြည်သူများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရန်၊ ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို စနစ်တကျကွင်းဆင်း၍ ဆောင်ရွက်ပေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ချမ်းသာ၊ ဒိုင်းပြ၊ ဒိုင်းပြကုန်း၊ ကိုညွှဲ့သည်၊ မြေနီကုန်းကျေးရွာ စသည့်ကျေးရွာပေါင်း ငါးရွာ၌ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ်ခံစားရသော ကျန်ရှိ ကျေးရွာများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

## ကမ်းပြိုဘေးသင့် အိမ်ထောင်စုဝင်မိသားစုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့

**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ဧရာဝတီမြစ်ကမ်းဘေးရှိ ကမ်းပြိုဘေးသင့်အိမ်ထောင်စုဝင်မိသားစုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ဩဂုတ်လ ၂၀ ရက် ညနေပိုင်းတွင် သွားရောက်ထောက်ပံ့သည်။

ထိုသို့ပေးအပ်ရာတွင် ဩဂုတ်လ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုကျမှုဘေးအန္တရာယ်ကြုံခဲ့ရသော မင်းဘူး(စကု) မြို့နယ် သနပ္ပင်ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာမှ အိမ်ထောင်စုငါးစု လူဦးရေ ၁၇ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၅၇၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၃၅၇၀၀ ကို မင်းဘူးမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကမ်းပြိုဘေးသင့်အိမ်ထောင်စုဝင်များ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**



## မသန်စွမ်းဖွံ့ဖြိုးရေးလေ့ကျင့်ရေး Day Care Centre ရှိ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်

**ပြည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်မြို့ရှိမသန်စွမ်းဖွံ့ဖြိုးရေးလေ့ကျင့်ရေး Day Care Centre သို့ သွားရောက်၍ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုသို့ထောက်ပံ့ငွေများပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့်အဖွဲ့ဝင်များက ယင်း Centre ၏မသန်စွမ်းဖွံ့ဖြိုးရေးလေ့ကျင့်ရေးဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုပြီး ပြည်ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ အဆိုပါ Centre ရှိ ဉာဏ်ရည်မသန်စွမ်းသူ ၁၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၂၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။ **ကိုဆက်(ပြန်/ဆက်)**

**သွားတိုက်နေစဉ် ရေဘုံပိုင်ခေါင်းကို ဖွင့်ထားခြင်းမပြုပါနှင့်။**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၁**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိကျော်က အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုအကြားဆက်နွယ်မှုများ၊ အိုဇုန်းလွှာဆိုသည်မှာအဘယ်နည်း၊ အိုဇုန်းလွှာနှင့်ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်နွယ်မှုများ၊ အိုဇုန်းလွှာပျက်စီးရခြင်းအကြောင်းရင်း၊ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာနေ့ဖြစ်ပေါ်လာပုံ စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးမှတ်တမ်းစာအုပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးက ပေးအပ်ရာ ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်ကလည်းကောင်း၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုဆုပေးအပ်ရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးကလည်းကောင်း လက်ခံရယူခဲ့ကြောင်းသိရသည်။

**ဇော်မြင့်နိုင်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက်နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့်အချက်များအား အဆိုပြုဆွေးနွေးသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များနှင့် ပတ်သက်၍ ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်အချက်များနှင့် နှစ်ဖက်အဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ်လ ၂၂ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေး(၂/ ၂၀၂၄) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့ဆပ်ကော်မတီအနေဖြင့် လမ်း၊ တံတားနှင့် အဆောက်အဦဆိုင်ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး အတွက်လည်း စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းလျာထားချက်များ တင်ပြရာတွင် ယခင်ဘဏ္ဍာနှစ်ရန်ပုံငွေခွင့်ပြုမှုအပေါ် အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်နှင့် နယ်မြေအခြေအနေအပေါ် မူတည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးသင့်သည့်ဒေသများတွင် ဦးစားပေးလျာထားစေလိုကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းလုပ်ငန်းများ လျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်သောငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့်လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။



ထို့နောက် တက်ရောက်လာသူများက ဌာနအလိုက်၊ ဒေသအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်စီမံကိန်းလျာထားဆောင်ရွက်မှုအခြေအနေများနှင့် နှစ်ဆက်လုပ်ငန်းများအတွက် ဆက်လက်လျာထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၅၀၀)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှအဆက်

နိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်

# နေကြာသီးနှံ ကေသုံးသန်းတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဝါသီးနှံ ကေခုနစ်သိန်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၁

ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ဧရိယာအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံအမျိုးအစားခွဲခြားစိစစ်ပြီး စိုက်ပျိုးမြေဧရိယာစာရင်းဇယားအမှန်ကို ပြန်လည်စိစစ်ရန်လိုကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံးကွက်ပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ကေတိုးချဲ့ခြင်းထက် လက်ရှိစိုက်ပျိုးမြေတစ်ကေချင်းကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပြီး အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်ရရှိရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားတူ ဆီထွက်သီးနှံအထူးဇုန်ပြင်ပ ပုံမှန်စိုက်ပျိုးလျက်ရှိသည့် ဧရိယာအားလုံး ပုံမှန်အထွက်နှုန်းအောက် ကျဆင်းမှုမရှိစေရန်ကိုလည်း ကြိုးပမ်းကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးသည့်သီးနှံ တစ်ကေချင်းအပေါ်၌ ဆီအများဆုံးပမာဏ ထုတ်လုပ်ပေးနိုင်သည့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးခြင်းကို မဖြစ်မနေအကောင်အထည်ဖော်ရန်လိုအပ်သဖြင့် တောင်သူများကိုယ်တိုင် နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် တက်ကြွစွာဆောင်ရွက်လုပ်ကိုင်လာစေရေး ဆွေးနွေးစည်းရုံးအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြည်တွင်းအထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့်ဂွမ်းမွေးအရည်အသွေး



ထုတ်လုပ်ပေးနိုင်စေရန် ပြည်ပဝါမျိုးများပြောင်းလဲစိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းသော ချည်မျှင်ရှည်ဝါကို ဝါသီးနှံစိုက်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် ပြည်တွင်းမျိုး ၈၀ ရာခိုင်နှုန်းနှင့် ပြည်ပမျိုး ချည်မျှင်ရှည်ဝါ ၂၀ ရာခိုင်နှုန်းစိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာရရှိမှသာ အရည်အသွေးကောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို လက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်၍ ဝါလုပ်ငန်းရှင်များ၊ ဝါကြိတ်စက်ပိုင်ရှင်များ၊ အဝယ်တော်များနှင့် တောင်သူများအကြား A-Grade , B-Grade , C-Grade စသည့် အရည်အသွေးကိုအခြေခံသည့်ဈေးကွက်ဖော်ဆောင်နိုင်ရေး ညှိနှိုင်းကြပ်မတ်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများက ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးများက လုပ်ငန်းရပ်တစ်ခုချင်းအပေါ်သုံးသပ်ဆွေးနွေး၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားကြသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်မှစ၍ နေကြာသီးနှံ ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခဲ့ရာ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ချေးငွေများ ထောက်ပံ့ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာသီးနှံ ကေသုံးသန်းတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းထုတ်ဝါများမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် ယခင်က စိုက်ပျိုးခဲ့သည့် ဝါသီးနှံစိုက်ပျိုးဧရိယာပြည့် ကေ ခုနစ်သိန်း ပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများကို မျိုး၊ နည်းပညာ၊ သွင်းအားစုများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအစီအစဉ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၅၀၀)

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် “၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ”အား ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့်မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

**မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့်သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းကငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့်နိုင်ငံများဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .**

ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံရပ်တည်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဝန်ကြီးဌာန ၁၂ ခုဖြင့်ဖွဲ့စည်းထားသည့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်းစိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ





နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဖြစ်စေရန်နှင့် ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာ အသုံးပြုနိုင်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်းစိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ကျင်းပရာ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

| HSD (50 ppm) | ၃၀၄၅ | ၃၁၃၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၃၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**မိဘအမည်မှန်**
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မခေတ်မြတ်နိုး ဦး၏မိဘအမည်မှန်မှာ ဦးသန့်ဇင်-ဒေါ်ကြူကြူမော်တို့ဖြစ်ပါကြောင်း။
**ဦးသန့်ဇင်-ဒေါ်ကြူကြူမော်**

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ အ.ထ.က(ခွဲ)ဇီးတောကျောင်း၊ Grade-2 မှ မောင်ဟိန်းသူ၏ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်မိုး ၇/ပခန(နိုင်)၅၃၆၇၈၄ ဖြစ်ပါကြောင်း။
**ဦးမြင့်နိုင်မိုး**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ Grade-12(F) မှ (ဘ) ဦးခင်လှိုင်၏သမီး မစုမြတ်နိုင်၏အမည်မှန်မှာ မဆုမြတ်နိုင် ၁၄/ငပတ(နိုင်)၂၅၅၆၈၂ ဖြစ်ပါကြောင်း။
**မဆုမြတ်နိုင်**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ Grade-12(B) မှ နော်ဂေး ဘလုဖော၏ဖခင်အမည်မှန်မှာ စောရေအေး ၁၄/ငပတ(နိုင်)၀၉၇၁၀၉၃ ဖြစ်ပါကြောင်း။
**စောရေအေး**

**ပျောက်ဆုံးကြောင်း**
အေးအေးမော်(ဘ)ဦးကြည်ဝင်း ၁၄/လမန(နိုင်)၁၁၂၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 264481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ အ.ထ.က(ခွဲ)ဇီးတောကျောင်း၊ Grade-5 မှ မခင်ပပလှိုင်၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၇/ပခန(နိုင်)၃၈၉၇၆၂ ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဝင်း**

**ပျောက်ဆုံးကြောင်း**
ချစ်ဝင်းကို(ဘ)ဦးသန်းဝင်း ၁၄/လမန(နိုင်)၁၁၂၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 376591)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ Grade-12(F) မှ မဇင်မာထွေး၏ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၁၄/ငပတ(နိုင်)၀၃၅၃၈၁ ဖြစ်ပါကြောင်း။
**ဦးကျော်စိုး**

**ပျောက်ဆုံးကြောင်း**
ခင်မာဝင်း(ဘ)ဦးရွှေ ၁၄/လမန(နိုင်)၁၁၂၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 871128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ပျောက်ဆုံးကြောင်း**
အေးအေးသင်း(ဘ)ဦးဝင်းရွှေ ၁၄/မအပ(နိုင်)၃၇၄၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 175642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

**အမည်ပြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) Grade-3(C) မှ ဦးချစ်ကိုကို ၈/မသန(နိုင်) ၁၀၄၂၇၄ ၏သမီး မချစ်စုလင်းအား မယွန်းမြတ်နိုးဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မယွန်းမြတ်နိုးဝေ**

**မွေးသက္ကရာဇ်အမှန်**
ကျိုင်းတုံမြို့၊ အ.ထ.က(၄) Grade-12(B) တွင် ပညာသင်ကြားနေသော အဘ ဦးကျာဖေ့၏သမီး မနာပာယ် ၁၃/မခန(နိုင်)၀၃၆၃၅၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၂၀၀၃ ဖြစ်ပါကြောင်း။
**၁၅-၇-၂၀၀၃**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-7 မှ မောင်အောင်ကျော်သူ၏ဖခင်အမည်မှန်မှာ ဦးမိုးဇော်ဦး ၈/တတက(နိုင်)၁၃၂၉၀၅ ဖြစ်ပါကြောင်း။
**ဦးမိုးဇော်ဦး**

**မွေးသက္ကရာဇ်အမှန်**
ကျိုင်းတုံမြို့၊ အ.ထ.က(၄) Grade-12(B) တွင် ပညာသင်ကြားနေသော အဘ ဦးလော်ဖီး၏သမီး မမိမ ၁၃/မဆန(နိုင်)၀၇၇၉၀၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၂၀၀၇ ဖြစ်ပါကြောင်း။
**၂၅-၇-၂၀၀၇**

**ပျောက်ဆုံးကြောင်း**
မောင်ထိုးထိုက်အောင်(ဘ)ဦးအောင်ဆန်း ၁၀/မဒန(နိုင်)၂၅၈၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

**ပျောက်ဆုံးကြောင်း**
မောင်နောင်မိုးပိုင်(ဘ)ဦးစိုးနိုင်ထွန်း ၁၀/မလမ(နိုင်)၆၄၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

**ပျောက်ဆုံးကြောင်း**
မောင်ပြည့်စုံဖြိုး(ဘ)ဦးသိန်းရီ ၁၂/မဂဒ(နိုင်)၂၁၈၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) Grade-9(B) မှ ပညာသင်ကြားနေသော မပြည့်ပြည့်ဖြိုး၏ဖခင် ဦးမင်းထွန်းဦး၏အမည်မှန်မှာ ဦးမင်းထိုက်ဦး ၆/သရခ(နိုင်)၀၉၉၆၇၄ ဖြစ်ပါကြောင်း။
**ဦးမင်းထိုက်ဦး**

**ပျောက်ဆုံးကြောင်း**
လင်းဇာနည်ဇော်(ဘ)ဦးတင်ထွန်း ၈/ဆပဝ(နိုင်)၁၃၂၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 995634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ငုဝါလှိုင်(ဘ)ဦးဇော်နိုင်ဦး ၇/နတလ(နိုင်)၁၇၀၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ချယ်ရီတင်လေး(ဘ)ဦးတင်လေး ၁၂/ပဇတ(နိုင်)၀၃၄၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၃၅၈၇၀၁၆**

**ပျောက်ဆုံးကြောင်း**
အေးထွန်းမောင်(ဘ)ဦးယုမောင် ၈/ပမန(နိုင်)၀၂၅၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 295497)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၃၀၀၅၂၂**

**ပျောက်ဆုံးကြောင်း**
အေးမင်းသူ(ဘ)ဦးအုံကျော် ၈/တတက(နိုင်)၂၂၅၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 557237)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ကျိန်ဟိုနွမ်း(ဘ)ဦးဖဲလ်ခေါဝုန့် ၄/တတန(နိုင်)၀၃၈၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 480541)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၂၉၅၃၆၅၉**

**ပျောက်ဆုံးကြောင်း**
ကျော်ဝင်းအောင်(ဘ)ဦးကြာပေါ် ၅/စကန(နိုင်)၁၅၃၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 029710)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၃၀၀၈၉၉၉**

**ပျောက်ဆုံးကြောင်း**
ဇာဇာလင်း(ဘ)ဦးဆန်းမြင့် ၁၂/သကတ(နိုင်)၁၅၂၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 516046)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၁၂၄၀၀၆၁**

**ပျောက်ဆုံးကြောင်း**
ရီရီဝင်း(ဘ)ဦးမောင်ယိုင်ထွန်း ၁၁/ကဖန(နိုင်)၀၉၀၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၇၂၇၉၉၆**

**ပျောက်ဆုံးကြောင်း**
အောင်သူ(ဘ)ဦးစိုးငြိမ်း ၁၂/ကတန(နိုင်)၁၁၂၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 817885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
စောလင်းအောင်(ဘ)ဦးကြည် ၁၄/ဒဒရ(နိုင်)၁၄၆၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဇော်နောင်ဦး(ဘ)ဦးဇင်ထွန်းဦး ၁၂/တတထ(နိုင်)၀၀၅၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၀၇၈၀၆၀၅**

**ပျောက်ဆုံးကြောင်း**
အောင်ခိုင်ဦး(ဘ)ဦးကျော်တင် ၅/ကဘလ(နိုင်)၁၄၁၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
မေချိုဟိန်း(ဘ)ဦးယုဝေ ၁၂/တမန(နိုင်)၁၀၇၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၄၄၁၀၀၇၇**




**(In Members' Voluntary Winding Up)**
**First Myanmar Hexa Development Company Limited**
**Notice for Final General Meeting (In Members' Voluntary Winding Up)**
**Pursuant to Insolvency Law 2020**

Final General Meeting of the members' voluntary liquidation of **First Myanmar Hexa Development Company Limited** will be held at No.4, Pyidawaye Yeiktha, Kabaraye Pagoda Road, Yankin Township, Yangon at 10:00 am on (12.9.2024), all members are cordially invited to attend the final general meeting.

At the meeting , the liquidator's report and liquidation statement of accounts shall be finally presented and winding up.

Daw Myint Myint Toe, B.Com,CPA
Liquidator
First Myanmar Hexa Development Co.,Ltd.
No.4, Pyidawaye Yeiktha, Kabaraye Pagoda Road,
Yankin Township, Yangon, Myanmar

**မိဘအမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(A) မှ မချစ်ပွင့်ဝေ၏ မိဘအမည်မှန်မှာ မောင်ဇော်မင်းထိုက် ၁၄/ပသန(နိုင်)၂၁၃၉၆၈ နှင့် ဒေါ်ကျင်ရွှေ၁၄/ပသန(နိုင်)၀၀၅၆၂၇ ဖြစ်ပါကြောင်း။ **မောင်ဇော်မင်းထိုက်-ဒေါ်ကျင်ရွှေ**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(F)မှ မချစ်စုသိန်း၏ဖခင်အမည်မှန်မှာ ဦးအသိန်း ၁၄/ပသန(နိုင်)၀၀၅၃၃၆ ဖြစ်ပါကြောင်း။
**ဦးအသိန်း**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(B) မှ (ဘ)ဦးအောင်မိုး၏သမီး မြတ်နိုးဝေ၏အမည်မှန်မှာ မမေမြတ်နိုးဝေ ၁၄/ပသန(နိုင်)၂၈၄၂၉၀ ဖြစ်ပါကြောင်း။
**မမေမြတ်နိုးဝေ**

**မွေးသက္ကရာဇ်အမှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(A) မှ (ဘ)ဦးဇော်ဝင်းထွန်း၏သား မောင်ရှင်းခန့်သော်၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၇-၂၀၀၆ ဖြစ်ပါကြောင်း။
**၁၂-၇-၂၀၀၆**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(B) မှ မောင်ထက်ဝေလွင်၏ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁၄/ပသန(နိုင်)၂၁၂၅၄၃ ဖြစ်ပါကြောင်း။
**ဦးစန်းလွင်**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(A) မှ (ဘ)စည်သူနွဲ့ဝင်း၏သား စောဘလက်ဇင်ဝင်း၏အမည်မှန်မှာ စဘလက်ဇင်ဝင်း ၁၄/မမန(နိုင်)၃၃၆၇၆၁ ဖြစ်ပါကြောင်း။ **စဘလက်ဇင်ဝင်း**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(C) မှ မောင်အောင်ဘုန်းမြတ်ဦး၏ဖခင်အမည်မှန်မှာ စောမားရှယ် ၁၄/ကကန(နိုင်)၀၀၀၀၅၈ ဖြစ်ပါကြောင်း။
**စောမားရှယ်**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက(ပုသိမ်)၊ Grade-12(B) မှ (ဘ)ဦးဇေယျာထွန်း၏သား မောင်ဘုန်းမြတ်သွေး၏အမည်မှန်မှာ စဘုန်းမြတ်သွေး ၁၄/ပသန(နိုင်)၂၅၉၂၉၈ ဖြစ်ပါကြောင်း။ **စဘုန်းမြတ်သွေး**

**ပျောက်ဆုံးကြောင်း**
ရေဖြူမြို့၊ ဓမ္မဝေပုလ္လကျောင်းနေ စန္ဒေဘာသ(ဘ)ဦးကြိုင်သင်း ၆/ရဖန(နိုင်)၀၀၀၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 168705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၂၅၃၂၂၆၃**

**ပျောက်ဆုံးကြောင်း**
သရက်ချောင်းမြို့၊ တံခွန်တိုင်ကျေးရွာနေမောင်မြင့်ဆွေထူး(ဘ)ဦးအေးကြွယ်(ခ)ဦးအေးကြွေ ၆/သရခ(နိုင်)၁၁၃၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 610169)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၈၈၄၉၄၇၅**

**ပျောက်ဆုံးကြောင်း**
မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ကလွင်ကျေးရွာ၊ အေးရိပ်ချောင်လမ်းသွယ်(၁)နေ ဖြိုးဝေလင်း(ဘ)ဦးကျင်စုံ ၆/မအရ(နိုင်)၁၀၃၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 635276)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၂၀၇၅၆၈**

**ပျောက်ဆုံးကြောင်း**
ရေကြည်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသန့်ဇင်ဦး(ဘ)ဦးကြည်ဝင်း ၁၄/ရကန(နိုင်)၁၁၂၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၁၂၁၂၄၁၀**

**ပျောက်ဆုံးကြောင်း**
သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာနေ မနှင်းဝေဖြိုး(ဘ)ဦးစိုးလွင် ၇/သနပ(နိုင်)၁၅၁၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 447254)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၇၇၆၈၆၄၇**

**ပျောက်ဆုံးကြောင်း**
ဝါးခယ်မမြို့နယ်၊ ဦးပိတ္တုပ်ကျွဲတလင်ကျေးရွာ၊ အမှတ်(၁၈၈)နေ နန့်မိုးမဇူ(ဘ)ဦးလှနိုင်ဆွေ ၁၄/ဝခမ(နိုင်)၃၆၆၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 770434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၄၇၈၀၀၀**

# မန်ယူအသင်း လူငယ်ကစားသမားယိုရိုအနေဖြင့် တစ်ဦးတည်းလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နေပြီး မကြာမီ ပွဲစဉ်များပါဝင်ကစားနိုင်မည်



မန်ချက်စတာ ဩဂုတ် ၂၁

မန်ယူအသင်းက လူငယ်ခံစစ်ကစားသမားယိုရို အနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာသည့် အတွက် တစ်ဦးတည်းသီးသန့်လေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နေပြီး မကြာမီအသင်းနှင့်အတူ ပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယိုရိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လိုင်လီ အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင် ဘောလုံးပေးပို့မှု ၁၇၂၇ ကြိမ် အထိပြုလုပ်နိုင်ခဲ့ကာ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ဘောလုံးပေးပို့မှုအများဆုံး လူငယ်ကစားသမား အဖြစ်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ဥရောပထိပ်တန်းအသင်းကြီးများနှင့် အပြိုင် ကမ်းလှမ်းရာမှ မန်ယူအသင်းက ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းက ယိုရိုကို ဥရောပထိပ်တန်းအသင်းကြီးများကိုကျော်ဖြတ်ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ ဒသမ ၂ သန်းဖြင့် ခေါ်ယူခြင်းဖြစ်ပြီး ယိုရိုအနေဖြင့် မန်ယူအသင်းနှင့်အတူ ရာသီကြို ခြေစမ်းပွဲစဉ်များကစားခဲ့ကာ ဒဏ်ရာကြောင့် အနားယူနေရခြင်းဖြစ်သည်။

ယိုရိုသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်တွင်စတင် ပူးပေါင်းခဲ့ကာ ရိန်းဂျားအသင်းနှင့် မန်ယူအသင်းတို့ ကစားသည့် ရာသီကြိုခြေစမ်းပွဲ၌ ပါဝင်ပြီးနောက် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း အာဆင် နယ်အသင်းနှင့် မန်ယူအသင်းတို့ကစားသည့်ပွဲတွင် ခြေထောက်အရိုးကျိုးဒဏ်ရာရရှိခဲ့၍ ခွဲစိတ်ကုသ မှုခံယူရပြီး အနားယူနေခဲ့ရသူဖြစ်သည်။

နည်းပြတန်ဟတ်က "ယိုရိုအနေနဲ့ဒဏ်ရာကနေ အမြန်ဆုံးပြန်လည်သက်သာအောင် အစွမ်းကုန် ကြိုးစားနေပါတယ်။ အခုဆိုရင် သူ့အနေနဲ့တစ်ဦး တည်း လေ့ကျင့်ခန်းတွေလုပ်ဆောင်နေပါပြီ။ ယိုရိုကတော့ မကြာခင်အသင်းနဲ့ပြန်လည်ပူးပေါင်း ပြီးတော့ စခန်းသွင်းလေ့ကျင့်မှုတွေလုပ်ဆောင် နိုင်မှာပါ။ မကြာမီ အသင်းနဲ့အတူ ပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်မှာပါ"ဟု ပြောသည်။

အစောပိုင်းက ယိုရိုအနေဖြင့် ဒဏ်ရာကြောင့် သုံးလခန့်အနားယူရမည်ဟု အတည်ပြုထားသော် လည်း လက်ရှိတွင် အမြန်ဆုံးသက်သာလာဖွယ်ရှိနေ သည့်အတွက် စက်တင်ဘာလ ၁၄ ရက်တွင် ကစား မည့် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်၌ ပြန်လည် ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ *Ref;ESPN*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ လက်ရှိဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာသည့် အစ်ဝှစ်ချ်အသင်းက ချယ်လ်ဆီးအသင်း တိုက်စစ်ကစားသမား ဘရိုဂျာကို တစ်ရာသီအငှားစာချုပ်အပြင် စာချုပ်သက်တမ်း ကုန်ဆုံးလျှင် စတာလင်ပေါင် သန်း ၃၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့်အချက်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ ဘန်လေအသင်းက မန်ယူအသင်းနှင့်အနာဂတ် မရေမရာဖြစ်နေသည့် လူငယ်ကွင်းလယ်ကစားသမား ဟန်နီဘယ်မာ့ချ်ဘရီကို တစ်ရာသီအငှားစာချုပ်အပြင် အငှားစာချုပ်ပြီးလျှင် အပြီးသတ်ဝယ်ယူခွင့်ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

■ နော်တင်ဟမ်ဖောရက်စ်အသင်းက အက်စ်တွန်ဗီလာအသင်းကစားသမား အဲလက်မိုရီနိုကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး မကြာမီ စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ မာဆေးလ်အသင်း၊ လိုက်ပဇစ်အသင်းနှင့် လေဗာကူဆင်အသင်းတို့က အက်သလက်တီကိုအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်ကစားသမား ဗာမီရန်ကို အငှားစာချုပ်ဖြင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန်အစီအစဉ်မရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီ အတည်ပြု

မက်ဒရစ် ဩဂုတ် ၂၁

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက အသင်းကစားသမားအင်အားပိုင်းတွင် လုံလောက်မှုရှိနေပြီဖြစ်သည့်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ခေါ်ယူရန်အစီအစဉ်မရှိကြောင်း ပြောသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားခေါ်ယူမှုအဖြစ် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား အမ်ဘတ်ပီကို ပြောင်းရွှေ့ကြေးမပေးချေရဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ပြီး ကစားသမားတစ်ဦးတည်းသာ ခေါ်ယူခြင်းဖြစ်သည်။

အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းက ဂိုးသမားနေရာအတွက် ပြီးခဲ့သည့်ဘောလုံးရာသီက အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့သည့် ကီပါကို ခေါ်ယူရန် သတင်းထွက်ပေါ်သကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်း တောင်ပံခံစစ်ကစားသမား အဖွန်ဆိုဒေးဗီးလ်တို့နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ခေါ်ယူခြင်းမရှိဘဲ အမ်ဘတ်ပီတစ်ဦးတည်းကိုသာခေါ်ယူခဲ့သည်။

နည်းပြအန်ဆယ်လော့တီက ''အသင်းမှာ ကစားသမားအင်အားအလုံအလောက်ရှိလို့ ဒီအပြောင်းအရွှေ့ကာလမှာ ကစားသမားခေါ်ယူဖို့ကတော့ အစီအစဉ်မရှိတော့ပါဘူး။ အသင်းတိုက်စစ်ပိုင်းမှာလည်း ကစားသမားအင်အားပိုင်းအပြည့်ရှိသလို ခံစစ်ပိုင်းနဲ့ကွင်းလယ်ပိုင်းမှာလည်း အင်အားအပြည့်ရှိလို့ ဆုဖလားတိုင်းကို စိန်ခေါ်နိုင်စွမ်းရှိပါတယ်" ဟု ပြောသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အမ်ဘတ်ပီကို ခေါ် ယူထားသော်လည်း စပိန်လာလီဂါပွဲစဉ်အဖြစ် မာယော့ကာအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် သရေရလဒ်ကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

*Ref;Eurosports*

# PFA တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ချယ်လ်ဆီးအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ကိုးလ်ပယ်မာရရှိ

လန်ဒန် ဩဂုတ် ၂၁

ပရော်ဖက်ရှင်နယ်ဘောလုံးသမားများ အဖွဲ့အစည်း(PFA)က စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် PFA တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ပြီးခဲ့သည့် ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် တိုက်စစ်ကစားသမား ကိုးလ်ပယ်မာက ဆွတ်ခူးရရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ကိုးလ်ပယ်မာသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရုန်းကန်ခဲ့ရသော်လည်း ကိုးလ်ပယ်မာက အသင်းနှင့်အတူ အကောင်းဆုံးစွမ်းဆောင်နိုင်ပြီး ပြိုင်ပွဲစုံ ၄၅ ပွဲပါဝင်ကစားကာ ၂၅ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၅ ကြိမ် ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သည်။

ကိုးလ်ပယ်မာအနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သောကြောင့် PFA တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့သည့် မိုင်နူး၊ ဂါနာချို၊ အိုလီဆီ၊ ဆာကာနှင့် ဂျာအိုပက်ဒရိုတို့ကိုကျော်ဖြတ်ပြီး PFA တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ပထမအကြိမ်ရရှိခဲ့ကြောင်း သိရသည်။

*Ref;Goal.com*



## မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးအပ်ပွဲကျင်းပ



ကျိုင်းတုံ ဩဂုတ် ၂၁

ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးအပ်ပွဲကို ဩဂုတ်လ ၂၀ ရက်တွင် ကျိုင်းတုံခရိုင်အားကစားကွင်း၌ကျင်းပသည်။

ဗိုလ်လုပွဲပွဲစဉ်အဖြစ် တာချီလိတ်မြို့နယ်အသင်းနှင့် မိုင်းဆတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တာချီလိတ်မြို့နယ်အသင်းက ၄ ဂိုး ၁ ဂိုး ဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုပေးအပ်ပွဲကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားခဲ့သည့် အားကစားသမားများအား တစ်ဦးချင်းအကောင်းဆုံးဆုများကိုလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် မိုင်းယန်းမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် မိုင်းဆတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ပထမဆုရရှိခဲ့သည့် တာချီလိတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း အသီးသီးပေးအပ်ကြောင်းသိရသည်။

ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များအလိုက် ဘောလုံးအသင်းများပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ်လ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

ကျိုင်းတုံ ဩဂုတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့်ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ဩဂုတ်လ ၂၀ ရက်တွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစည်သူအောင်၊ ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီးနှင့်ကျန်းမာရေးဝန်ထမ်းများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ပြည်သူ့ဆေးရုံအသီးသီး၌ သန့်ရှင်းသာယာလှပရေး၊ လူနာများအား ကျန်းမာရေးစောင့်ရှောက်ရေး၊ ဆေးဝါးများပြတ်လပ်မှုမရှိစေရေး စသည့်ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးသည် ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာရေးဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များ မှာကြားပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်ပညာရေးမှူးနှင့်ဝန်ထမ်းများက ဒေသအတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဒေသအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြရာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့်လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းဖွင့်လှစ်

မိုင်းလား ဩဂုတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်း၍ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ ကော်မတီဝင်များအား သင်ကြားမည့် VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်း သင်တန်းကို ဩဂုတ်လ ၂၁ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ညီညီက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများ ဖြည့်သွင်းနည်း စသည့်သင်ခန်းစာများကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ငါးရက်ကြာသင်ကြားပို့ချမည်ဖြစ်ပြီး မိုင်းလားမြို့နယ်အတွင်းရှိ ၂၄ မိုင်ကျေးရွာနှင့် ၂၆ မိုင် ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဝင်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

## ပုံပြင်ပြောပြိုင်ပွဲနှင့် သချ်ာဉာဏ်စမ်းပြိုင်ပွဲကျင်းပ

ကျိုင်းလပ် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးများအား စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ကာယ ဉာဏဖွံ့ဖြိုးတိုးတက်စေရေး အဆိုပါရုံးရှိ စုပေါင်းခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲနှင့်သချ်ာဉာဏ်စမ်းပြိုင်ပွဲများကို ဩဂုတ်လ ၂၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများတွင် ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လူအများရှေ့တွင် ပြောရဲဆိုရဲသောအကျင့်ကောင်းများရရှိလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိပညာဗဟုသုတများ ပိုမိုရရှိလာစေရန်အတွက် ပြိုင်ပွဲများဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးပါဝင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ကြောင်း သိရသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများကိုလည်း အချိုရည်နှင့်မုန့်များပေးဝေကြောင်း သိရသည်။

**စန်းစန်းမြင့်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း ဩဂုတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား တာဝန်ရှိသူများက ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဝင်များနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဝမ်တပ်ကျေးရွာအုပ်စု ဝမ်ကျူးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၇၉ ဒသမ ၈၄ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော အရှည် ၄ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၆ လက်မရှိ ဟိုရမ်း-ဝမ်ဘန်း-ဝမ်လဲ-ဝမ်ကျူး-ဝမ်မိုင် ကျောက်လမ်းခင်းခြင်းလုပ်ငန်း ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ MSME လုပ်ငန်းများ၏ အကျိုးရှိမှု၊ ပညာရေးတွင်လည်း အသုံးဝင်မှုနှင့်စပ်လျဉ်း၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာနွယ်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးဝင်း၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ အသိပညာပေးခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြင်းခြံမြို့နယ်၊ ကျောက်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်းနှင့် ကျန်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း မဟုတ်မမှန်လုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျောက်ကန်ကျေးရွာကို ဩဂုတ်လ ၁၉ ရက်နေ့က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်းနှင့် ကျန်ရှိသည့် ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်မှ ကျေးရွာအချို့ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများမရှိကြောင်း သိရှိရသည်။

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန်




အတွက် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား ၂ ဦးဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ်လ ၂၀ ရက်နေ့က လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသား ၂ ဦးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၂၀ ရက်နေ့ ည ၁၀ နာရီခွဲအချိန်တွင် ပုဗ္ဗသီရိမြို့နယ်၊ ထုံးဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ပုဗ္ဗသီရိမြို့နယ်၊ ညဈေးအနီး ဇော်ဂျီလမ်းပေါ်တွင် အမျိုးသား ၂ ဦးအား မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးခဲ့ရာ တပင်ရွှေထီးရပ်ကွက်နေ နေထက်လင်း(ခ)ဘဂျစ် (၁၉)နှစ် (ဘ)ဦးလင်းလင်းနှင့် ကျည်တောင်ကန် (၁)ရပ်ကွက်နေ ရဲထက်ပိုင်(ခ)ညိုလေး(၂၂)နှစ်(ဘ)ဦးညိုကြီးတို့ဖြစ်ပြီး ၎င်းတို့ ၂ ဦးထံမှ အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်း လျှပ်စစ်မီးကြိုး (ကြေးကြိုး)ဖြတ်စ(၅၀)ကျပ်သားခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ နေထက်လင်း(ခ)ဘဂျစ်နှင့်ရဲထက်ပိုင်(ခ)ညိုလေးတို့ ၂ ဦးသည် အဆိုပါလျှပ်စစ်မီးကြိုးများအား ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖြတ်တောက်ခိုးယူခဲ့ခြင်းဖြစ်ပြီး ၎င်းအပြင် ကွန်ပရက်ဆာ ၁ လုံး၊ မော်တာ ၁ လုံးနှင့် ရေမော်တာ ၁ လုံးတို့အားခိုးယူခဲ့ပြီး နေထက်လင်း(ခ)ဘဂျစ်၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများအား သွားရောက်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ နေထက်လင်း(ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ)ညိုလေးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ဖြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူအမျိုးသား ၂ ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းအား တပ်မတော်ကကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား




နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတစ်ဝန်းတွင်စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်ကကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ နိုင်ငံတစ်ဝန်း စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို ကောက်ယူခြင်းမရှိကြောင်းနှင့် အမျိုးသမီးများ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ မည်သည့် ထုတ်ပြန်ကြေညာချက်မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ လုပ်ကြံရေးသားထားသည့်သတင်းတု၊သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “MC ZAW MIN” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ ဇော်မင်းထွန်း (ခ) ပြောင်ကြီးအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zin Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ သန့်ဇင်မိုးအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ “LU LU SWE” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ လုလုဆွေ (ခ)ပန်ပန်အား နေ့လယ် ၁ နာရီတွင်လည်းကောင်း၊ “Kyaw Zin Win” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ အမရပူရမြို့နယ်နေ ကျော်ဇင်ဝင်း(ခ) ဖိုးသားအား နေ့လယ် ၂ နာရီတွင်လည်းကောင်း၊ “Demo Koko” Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ မောင်ကိုကိုအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ “EI MA MA” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ မမသက်အား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aung Kyaw Myo Myo” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ဝမ်းတွင်းမြို့နယ်နေ အောင်ကျော်မျိုးအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “အမေ့သားပြည့်ဖြိုး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ဖြိုးမင်းသန်း (ခ)ပေါ်လု အား ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zar Ni Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်နေ ဇာနည်စိုးအား ည ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ၁၉ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်၊ ၂၁ မိုင် စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (၄၂၂၀)ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၉ ရက်**တွင် မြိတ်ခရိုင်၊ မြိတ်မြို့နယ်အတွင်း၌ တရားမဝင် မီးသွေး(၁၀၈) အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၈၀) နှင့် မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၅ ဒသမ ၅၂၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၅၆၀၀) နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် သစ်သားလှေ(၁)စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀)တို့ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Suzuki Smash 125 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဩဂုတ်လ ၂၀ ရက်**တွင် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဒေသငါးဖမ်းလှေဆိပ်တွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် Carabao Energy Drink အားဖြည့်အချိုရည် (၂၄၄၈)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၁၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၅၇၅၀၂၈၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၀ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Granite Tile (၇၈၀ ဒသမ ၄၈) စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၂၆၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၅၂၆၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်**ဩဂုတ်လ ၂၀ ရက်**တွင်အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Iron Pipe (၁၂၀၀၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၁၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hilux Surf မော်တော်ယာဉ်(၁)စီးနှင့် Honda Airwave မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ( သုည ဒသမ ၃၆၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၇၆၆၆၈၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# ချမ်းအေးသာစံမြို့၊ တောင်ကြီးမြို့နှင့် ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

ချမ်းအေးသာစံမြို့၊ တောင်ကြီးမြို့နှင့် ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


သန်းထွန်းအောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၈ ရက် ည ၆ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ သန်းထွန်းအောင်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀၅ ပြားနှင့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၁၂၆ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၁၃၅ ကီလိုကိုလည်းကောင်း၊ ထို့ပြင်ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၉ ရက် ည ၆ နာရီခွဲတွင် တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်လေးလုံးကျေးရွာအနီးတွင် ဇော်ဦး(ခ)သက်ဟိန်းမောင်းနှင်လာသည့် TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇ ဒသမ ၄ ကီလို၊ Happy Water ၁ ဒသမ ၄၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၁၀ ဒသမ ၆၃၄၄) တန်၊ သစ်မာ (၂၆ ဒသမ ၉၆၆၄)တန်၊ အခြား(၈ ဒသမ ၇၅၅၂)တန်၊ စုစုပေါင်း(၄၆ ဒသမ ၃၅၆၀) တန်၊ ယာဉ်/ယန္တရား(၉)စီး၊ တရားခံ(၂၁)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရှည်အဝေးပြေးမြင့်မား တာယာ မှာ
TRISTAR
CAR TYRE
CYCLE TYRE
The Best Quality Tyre
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး
SHWE PHE OO
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ ယနေ့ နိုင်ငံများအကြားဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့်နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ် . . .**

**❖ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာသုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင်လုပ်ဆောင်သွားရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်း (၃၂)သင်းအဆင့်၌ အရေးနိမ့်



ရန်ကုန် ဩဂုတ် ၂၁

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် U–12 Junior Soccer World Challenge 2024 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာယူ–၁၂ အသင်းသည် FC Basara Hyogo အသင်းနှင့်ကစားခဲ့ရာ ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး (၃၂)သင်းအဆင့်သို့ အုပ်စုပထမဖြင့် တက်ရောက်နိုင်ခဲ့သော်လည်း (၃၂)သင်းအဆင့်တွင် FC Zero အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၂၆ ကော်လံ ၄ ●**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံသည် ILO နှင့်ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(National Complaint Mechanism – NCM) ကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် **စာမျက်နှာ ၂၄ ကော်လံ ၄ ❖**

## ယနေ့ ဖတ်စရာ


**သတိပြုရန်မျောက်ကျောက်ရောဂါ** (စာ – ၈ သို့)

**မသိမဖြစ်သော လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုအန္တရာယ်** (စာ – ၁၃ သို့)

**Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်** (စာ – ၁၂ သို့)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။